စိတ်ကူးချိုချိုအနုပညာ

mgyoe.com

# အရုပ်ဆိုးသော အချစ်များ

## နှင့် အခြားစာရှည်များ



ကြည်စိုးထွန်း



mgyoe.com

mgyoe.com

မိုးညအိပ်မက်မြို့
ဆန်ဒေရ
မသုဓမ္မတာရှိစေသော
ဇာတ်ကားများနောက်ခံ
ဘဝအတွေ့အကြုံများအပါအဝင်
ဂီတစာဆိုကိုစောညိန်းအဖွဲ့များနှင့်
ကြည်မိုးထွန်းရေးတဲ့
တက္ကသိုလ်နောက်ခံ
အချစ်ဇာတ်လမ်းများ။

mgyoe.com

llt 0008 / 1800

mgyoe.com

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
မျက်နှာဖုံးနှင့်အတွင်း - ညီညီ
၂၀၁၃၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၇၀၀ ကျပ်

၈၀၈· ၈၄

အရပ်ဆိုးသောအချစ်များနှင့်အခြားစာရှည်များ
ကြည်စိုးထွန်း။ -ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၃။
စာမျက်နှာ ၁၉၀ မျက်နှာ၊ ၁၀ စင်တီ x ၁၆.၅ စင်တီ
(၁) အရပ်ဆိုးသောအချစ်များနှင့်အခြားစာရှည်များ

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# အရုပ်ဆိုးသောအချစ်များ
# နှင့်
# အခြားစာရှည်များ

ကြည်စိုးထွန်း

ပထမအကြိမ်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| - | စာရေးသူ၏ အမှာစာ | ဂ |
| ၁။ | မိုးညအိပ်မက်မြူ | ၁ |
| – | အိပ်မက် | ၃ |
| – | ဆက်၍မက်ဖြစ်သော အိပ်မက် | ၁၀ |
| – | အိပ်မက်နိဂုံး | ၁၆ |
| ၂။ | ကိုစောညိန်း | ၂၃ |
| – | ချစ်စွာသောညိန်း ချစ်သောငြိမ်း | ၂၅ |
| – | လုလင်ရင်ထဲက ပွင့်ဦး | ၃၂ |
| – | အသည်းထဲ စွဲနေခဲ့ပေါ့ သစ္စာ | ၄၀ |
| – | တစ်ပွင့်ထဲ ရင်ထဲကစံပယ် | ၄၈ |
| – | အေးတယ်ချမ်းတယ် ဆောင်းနတ်မယ် | ၅၃ |


mgyoe.com

mgyoe.com


၃။ ငါးဆယ့်လေး အမှတ်တရ ၅၈

- အမှတ်တရ ငါးဆယ့်လေး ၆၀
- နေ့းနေ့းကွေးကွေး ငါးဆယ့်လေး ၆၆
- နွေးနွေးထွေးထွေး ငါးဆယ့်လေး ၇၃
- ဆွေးဆွေးနွေးနွေး ငါးဆယ့်လေး ၇၈
- ပြေးပြေးလွှားလွှား ငါးဆယ့်ငါး ၈၂

၄။ ဆန်ရေ ၈၇

- သေရွာပြန် မောင်ကျောက်ခဲ (၁) ၈၉
- သေရွာပြန် မောင်ကျောက်ခဲ (၂) ၉၄
- သေရွာပြန် မောင်ကျောက်ခဲ (၃) ၉၉

၅။ ရင်သို့တိုးဝေ့ဆဲပါခိုင် ၁၀၅

၆။ အရုပ်ဆိုးသော အချစ်များ ၁၁၆

၇။ အရှင်အာလောကမှ မပညာစာရိသို့ ၁၆၁


□

mgyoe.com

mgyoe.com

# စာရေးသူ၏ အမှာစာ

စင်စစ် ကျွန်တော်သည် စာရေး အလွန်ပျင်းသူ ဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် တစိမ့်စိမ့် တွေးတောရေးရမည့် စာမျိုးများကို သိပ်မရေးဖြစ်ခဲ့ပါ။ ဥပမာ– ဝတ္ထုတို၊ ဝတ္ထုရှည်များ ဖြစ်ပါသည်။

စိတ်ထဲမှာ ခံစားရသည့် အခါမျိုးနှင့် ဖြုန်းခနဲ ဒိုင်းခနဲ ရေးချင်စိတ်ရှိလာသောအခါမျိုးကျမှ စာမျက်နှာ ၅ မျက်နှာ၊ ၆ မျက်နှာမှ ၁၀ မျက်နှာလောက်ထိ ရေးတတ်လေ့ ရှိပါသည်။

ယခု ပရိသတ်ရှေ့မှောက်သို့ ရောက်လာသည့် စာရှည်များမှာ တစ်ခါတစ်ခါ ကျွန်တော် စိတ်ကူးပေါက်ပြီး ရေးသော စာများ ဖြစ်ကြပါသည်။

ရေးခဲ့မိသမျှသော စာတွေထဲတွင် 'ဤမျှ ရှည်လျားသော စာရှည်များ' သည်မျှလောက်သာ ရှိသည်မို့ သည်မျှလောက်ကလေး စုဆောင်းပြီး ယခုကဲ့သို့ စုစည်းကာ တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

'မိုးည အိပ်မက်မြူ' သည် မိုးညအိပ်မြူ ဗီဒီယိုရုပ်ရှင်ဇာတ်ကားရိုက်စဉ်က ခံစားချက်များကို တစိမ့်စိမ့်တွေးတောရေးရင်း စာရှည်တစ်ပုဒ်

mgyoe.com

mgyoe.com



ဖြစ်လာခဲ့ရသည်။

'ကိုစောညိန်း'နှင့် ပတ်သက်သော စာသည်လည်း ကိုစောညိန်း၏ သီချင်းများအပေါ် တစိမ့်စိမ့်ခံစားမှုနှင့် ကိုစောညိန်း၏ အနုပညာ ဖန်တီးမှု အပေါ် တအံ့တဩဖြစ်ကာ ရေးသားရင်း စာရှည်ကြီးတစ်ခု ဖြစ်လာခဲ့ရပါ သည်။

'ငါးဆယ့်လေး အမှတ်တရ'ကတော့ အသက် ငါးဆယ်ကျော်လာ သော အတွေးစိတ်နှင့် ထိုအချိန်က မြစ်ကြီးနားစာပေဟောပြောပွဲ လှုပ်ရှား မှုအပေါ် ထူးထူးခြားခြား ခံစားစိတ်ကြောင့် စာရှည်သွားခဲ့ရပါသည်။

'ဆန်ရေ'သည်လည်း ကျွန်တော့်စိတ်ကို အမှတ်ထင်ထင် ဖြစ်စေ သော အကြောင်းအရာများအပြင် အသက်ဘေးနှင့် အလွန်နီးကပ်စဉ် ခံစား ခဲ့ရသည့် ဝေဒနာကြောင့် စာရှည်တစ်ပုဒ် ဖြစ်နေရပါသည်။

'ရင်သို့ တိုးဝှေ့ဆဲပါခိုင်'က ဝတ္ထုတစ်ပုဒ် ဖြစ်ပါသည်။ ကျွန်တော့် အနေဖြင့် ရုပ်ရှင်ဇာတ်လမ်းများကို ရေးခဲ့ဖူးသော်လည်း ဝတ္ထုရေးသားမှု အလွန်နည်းခဲ့သည်။ People မဂ္ဂဇင်းမှ တက္ကသိုလ်နောက်ခံ ဝတ္ထုတစ်ပုဒ် ရေးပေးပါဟု တောင်းခံလာသည့်အခါ အတော်အံ့ဩပြီး အတော်ကြိုးစား၍ ရေးခဲ့မိသော ဝတ္ထုဖြစ်သောကြောင့် ဤစာစုထဲတွင် ထည့်သွင်းလိုက်ရပါ သည်။ အသက် ၆၀ ကျော်မှ ရန်ကုန်တက္ကသိုလ်နောက်ခံ ငယ်မူပြန် အချစ် ဝတ္ထုရေးသားခဲ့ခြင်းအတွက် ကြိုတင်တောင်းပန်ထားလျှင် ကောင်းမည်လား မသိတော့ပါ။

'အရုပ်ဆိုးသော အချစ်များ' မန္တလေး တက္ကသိုလ်နောက်ခံ အချစ် ဇာတ်လမ်းဝတ္ထုလတ်ကိုတော့ လွန်ခဲ့သည့် နှစ်သုံးဆယ်ခန့်က ရှားရှားပါးပါး၊ ကြိုးကြိုးစားစား ရေးခဲ့ရခြင်းဖြစ်သောကြောင့် ဤစာရှည်အုပ်စုတွင် ထည့် သွင်း ဖော်ပြလိုက်ရပါသည်။

'အရှင် အာလောကမှ မပညာစာရီသို့' စာရှည်မှာ ကျွန်တော့် ဘဝ 'အမှန်မြတ်ဆုံးတစ်နေရာ' ကို မှတ်တမ်းတင်ထားသော ဆောင်းပါးဖြစ်သည့် အတွက် စာရှည်စာရင်းဝင် ဖြစ်သွားရပါသည်။

mgyoe.com

mgyoe.com



ဤစာရှည်များသည် ကျွန်တော်၏ ဇာတ်ကောင် မောင်ကျောက်ခဲနှင့် တော်တော်များများ ကင်းလွတ်နေသောကြောင့် သရော်သံ နည်းပါးပါသည်။

တစ်နည်းအားဖြင့် 'ငါးဆယ့်လေး အမှတ်တရ' နှင့် 'ဆန်ရေ' မှ လွဲ၍ အခြားစာရှည်များသည် ယခင် 'မောင်ကျောက်ခဲ' စာမူများနှင့် ယှဉ်လျှင် ငြိမ်ငြိမ်သက်သက် ရှိကြပါသည်။

လှိုင်းရိုက်ပုတ်သံများ၊ ရေစီးသံများသည် စိတ်ကို လှုပ်ရှားစေနိုင်သကဲ့သို့ ငြိမ်သက်နေသော ရေပြင်သည်လည်း အတွေးစိတ်နှင့် ခံစားချက်များကို နက်ရှိုင်းစေတတ်သည်ဟု ကျွန်တော် ထင်ပါသည်။

ကျွန်တော့် ဘဝတွင်လည်း အခြားလူသားများကဲ့သို့ပင် လှုပ်လှုပ်ရှားရှားရှိသည့်အခါ ရှိတတ်သလို ငြိမ်ငြိမ်သက်သက် ရှိသည့်အခါတွင်လည်း ရှိနေတတ်ကြောင်း ဤစာရှည်များက ဖွင့်ဆိုကြလိမ့်မည်ဟု ထင်မိပါတော့သည်။

ကြည်ရိုးထွန်း

mgyoe.com

mgyoe.com

# မိုးညအိပ်မက်မြူ

mgyoe.com

.mgyoe.com




mgyoe.com

mgyoe.com

# အိပ်မက်

သည်အိပ်မက်ကို မက်ဖြစ်ရန် လွန်ခဲ့သည့် တစ်နှစ်ခွဲနီးပါး ကာလကတည်းက အစပြုခဲ့ရခြင်း ဖြစ်သည်။ အိပ်မက်ကို ယူဆောင်လာသူက သိန်းဇော်(မန္တလေး) ဇာတ်မင်းသားလေး၊ သူက ဗီဒီယိုရုပ်ရှင်ကားတစ်ကားကို ကျွန်တော်နှင့် ရိုက်ချင်သည်ဟု စကားစပြီး ရက်ခြားရက်ခြား ရောက်လာကာ ဇာတ်လမ်းတစ်ခုပြီး တစ်ခု ပြောဖြစ်ခဲ့ကြသည်။

ကျွန်တော်က မကြိုက်သည့်အခါလည်းရှိ၊ သူက မကြိုက်သည့်အခါလည်းရှိနှင့် တော်တော်နှင့် အလုပ်မဖြစ်ခဲ့။ ထိုအချိန်က ကျွန်တော်အနေဖြင့် ဗီဒီယိုရုပ်ရှင်ဆို၍ 'ဥက္ကာ' တစ်ကားသာ ရိုက်ဖူးသေး၏။

နောက်တော့ သူနှင့်ကျွန်တော် ဗီဒီယိုရုပ်ရှင်ကားတစ်ကား ရိုက်ရန် ဝတ္ထုဇာတ်လမ်းတစ်ပုဒ်ကို အကြိုက်ချင်းတူစွာ ရွေးဖြစ်ခဲ့ကြသည်။

ထိုဝတ္ထုဇာတ်လမ်းက တက္ကသိုလ်ဘုန်းနိုင်၏ မိုးညအိပ်မက်မြူ။ ဇာတ်ညွှန်းကို ၁၉၉၀ ခုနှစ် မတ်လလောက်က ရေးဖြစ်သည်ကို အမှတ်ထင်ထင် ဖြစ်မိသည်။ ဘာကြောင့်လဲဆိုတော့ မိုးသည်းသည်းရွာနေသည့် အကြောင်း ပါရှိသော ဇာတ်ညွှန်းကို နွေခေါင်ခေါင်တွင် အကျိုးဗလာဖြင့် ရေးဖြစ်ခဲ့သောကြောင့် ဖြစ်သည်။ ရေးနေစဉ် ပူလွန်းသောကြောင့် ထင်သည်။

mgyoe.com

mgyoe.com


ဇာတ်ညွှန်းထဲတွင် မိုးတွေ တအားရွာနေ၏။ ကားရိုက်သည့်အခါ မိုးသတ်ကားဖြစ်စေ၊ စည်ပင်သာယာမှ ရေကားဖြစ်စေ သေချာပေါက် လိုအပ်မည်ကတော့ အမှန်ပင်။ ကြိုတင်ဝယ်ယူရမည့် စာရင်းထဲတွင် ရေပန်းကရားလေးခုကိုလည်း ရေးထည့်ထားခဲ့သည်။

မည်သို့ပင်ဖြစ်စေ၊ နွေနေ့လယ်ခင်းများ၏ မိုးညအိပ်မက်တို့သည် နိုးထရှင်သန်ခြင်း မရှိခဲ့။ လနှင့်ချီ၍ နှစ်နှင့်ချီ၍ ကြာမြင့်လာခဲ့သည်။ သန်လျင်မှာပဲ ရိုက်ရမလိုလို၊ ပြင်ဦးလွင်မှာပဲ ရိုက်ရမလိုလို၊ ရန်ကုန်မှာပဲ ရိုက်ရမလိုလိုနှင့်။ မင်းသမီးတွေလည်း မူလရည်ရွယ်ထားသူများ မဟုတ်တော့။

၎င်းတို့ အသစ်တစ်ဖန် ပြန်လည်နိုးသစ်လာသည့် တစ်ခုသောကာလတွင် ကျွန်တော်သည် အိပ်မက်တွင်းသို့ သိသိသာသာကြီး တိုးဝင်သွားသည်။ ထိုနေ့သည်ကား ၁၉၉၁ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ မိုးသည်းသောည။ ည ၉း၃၀ အထူးစာပို့ အမြန်ရထားနှင့် နွယ်တို့၊ မောင်သစ္စာတို့၊ ဒေါက်တာမသက်ရီတို့၊ မောင်ညိုမှိုင်းတို့ရှိရာ ရွှေမန္တလေးသို့။

ကြားရလျှင် ရယ်စရာကောင်းချင် ကောင်းနေပါလိမ့်မည်။ နောက်တစ်နေ့ နေ့ခင်း ၁၂ နာရီခန့်တွင် မန္တလေးဘူတာသို့ ဆိုက်ရမည့် အထူးစာပို့ရထားကြီးသည် ည ၁း၃၀ ကျမှ ခရီးဆုံးသို့ ရောက်ခဲ့သည်။ ပေါလီယာနာဆိုသော ကောင်မလေးကို သတိရရန် ကြိုးစားရင်း ဆယ့်သုံးလေးနာရီလောက် စီးရမည့် မီးရထားကြီးကို နှစ်ဆယ့်ခြောက်နာရီလောက် စီးလိုက်ရတာကတော့ တကယ့်ကို တန်ပါပေတယ်ဟူ၍ လာကြိုသူတို့ကို ဟာသသံနှော၍ ပြောလိုက်ခဲ့သည်။

ဇာတ်ညွှန်းရေးတုန်းကလိုပင် ရိုက်ကူးရေးစသည့်အချိန်၌ မိုးတွင်းကာလကြီး ဖြစ်ပါလျက် မန္တလေးတွင် မိုးကမရွာ၊ ခေါင်မှခေါင်၊ နေပူကျဲကျဲထဲမှာပင် မိုးသည်းသည်းအိပ်မက်ကို ကျွန်တော်နှင့်အတူ သိန်းဇော်၊ မေဆွိနှင့် မေသန်းနုတို့ မက်ဖြစ်ခဲ့ကြလေတော့သည်။

ပထမဆုံးအိပ်မက်ထဲတွင် လူလိမ်နှင့် စ၍တွေ့သည်။ လူလိမ်ကြီးက မီးသတ်ကားတစ်စီး။ ရေပန်းကရားလေးခုနှင့်အတူ ပေါ်လာသည်။ မန္တလေး

mgyoe.com

mgyoe.com




မြို့ကို ပေါင်းတည်မြို့အဖြစ် လိမ်ညာဖန်တီးပြီး မိုးသည်းထန်သောတစ်နေ့တွင် ဒေါက်တာမသက်ရှိ (မေဆွိ)သည် ပေါင်းတည်မြို့သို့ ရောက်လာသည့်အခန်းကို ရိုက်ကူးသည်။

နေရောင်ကို နောက်ခံထားပြီး မီးသတ်ပိုက်မှ ရေများကို ထိုးပက်ကြသည်။ မိုးရွာသည့်နှယ် ရေစက်များကျသည့်အချိန်တွင် ဒေါက်တာမသက်ရှိကို လာကြိုသော ကားတစ်စီး ဖြတ်မောင်းလာသည်။

ကားတွင်းမှ စကားပြောခန်းများကို ရိုက်ကူးရန်အတွက်မူ မီးသတ်ပိုက်ဖြင့် ရိုက်၍မရ။ ကင်မရာတွေပါ မိုးစိုနိုင်ဖွယ်ရှိသောကြောင့် ကားကို သစ်ပင်တစ်ပင်အောက် ရပ်စေပြီး သစ်ပင်ပေါ်မှတက်ကာ ရေပန်းကရားမှရေများလောင်းချခြင်းဖြင့် ကားမောင်းလာရင်း ကားတွင်းမှ စကားပြောခန်းများကို လိမ်လည်ရိုက်ကူးယူသည်။

သို့သော် ကားရှေ့မှန်ပေါ်တွင် အရိပ်ထင်နေသည့် သစ်ပင်သစ်ရွက်အရိပ်တို့ ငြိမ်သက်နေသည်က ကားကို ရပ်ထားကြောင်း သက်သေပြသည့်

mgyoe.com

mgyoe.com


နယ် ဖြစ်နေသောကြောင့် သစ်ရွက် အရိပ်မထင်စေရန် စောင်မည်းမည်းတစ်ခု ဖြန့်၍ ကာပေးရပြန်သည်။

ထိုစကားပြောခန်းလေးကို ရိုက်ကူးပြီးစီးဖို့အရေး ကာသူက ကာ၊ ကားကို လှုပ်သူကလှုပ်၊ ရေလောင်းသူကလောင်းနှင့် ကျွန်တော်တို့၏ ချစ်လှစွာသော ရုပ်ရှင်လောကကြီးကား မီးကျိုးမောင်းပျက် ဘဝလေးထဲမှ တက်မလာသေးပါလားဟု တွေးတောမိရင်း လူလိမ်ကြီးတစ်ယောက် ဟာသအိပ်မက် မက်ခဲ့လေ၏။

ဆရာ တက္ကသိုလ်ဘုန်းနိုင်ကတော့ ဘယ်လိုစိတ်ကူးမျိုးနှင့် ရေးထားသည်မသိ။ သူ့ဝတ္ထုကို သရုပ်ဖော်ရမည့် ကျွန်တော့်အနေဖြင့် မောင်ညိုမှိုင်း ကြောက်လန့်တတ်သော တံတားလေးကို ဘယ်လိုပုံစံလေး ဖြစ်ရမည်ဟု ကြိုတင်စိတ်ကူး မှတ်သားထားခဲ့လေရာ စိတ်ကူးထဲမှ တံတားကို ရှာရာတွင် တော်တော်လေးတော့ ကသိကအောက် ဖြစ်ခဲ့ရလေသည်။ ဓာတ်ပုံ ညောင်ဦးသန်းဌေး၊ ညီဝင်းမြင့်တို့ကလည်း တံတားလေးများရှိနိုင်သော နေရာတို့ကို ညွှန်ကြသဖြင့် ရန်ကင်းတောင်ဘက်သို့ ကားတစ်စီးဖြင့် တံတားအရှာ ထွက်ခဲ့သည်။ ရန်ကုန်တွင် မိုးသည်းသည်းမည်းမည်း ရွာနေမည်ဖြစ်သော်လည်း ရွှေမန္တလေးမှာတော့ နေပူပူက ကျဲ၊ ဖုန်မှုန့်တွေက ဖွဲ ဖြစ်နေပြီ။

မိုးရွာထဲမှာ ရိုက်ရမည့် တံတားကို ဖုန်တောထဲမှာ ရှာရသောကြောင့် ထင်၏။ စိတ်ကြိုက်မတွေ့ခဲ့။ တံတားသေး၊ တံတားကျဉ်း၊ တံတားအို၊ တံတားကွေးပုံစံမျိုးစုံ ရှိလင့်ကစား စိတ်ကူးတွင်းမှ တံတားနှင့်လာ၍ အံမဝင်။ စိတ်ဓာတ်က ကျချင်ချင်ဖြစ်လာပြီ။

သို့သော် မမျှော်လင့်ပါဘဲ အောင်ပင်လယ်ဘက်သို့အထွက် စိတ်ကူးယဉ် အိပ်မက်တံတားကို မြို့သစ်ဘက်တွင် တွေ့လိုက်ရသည်။ တံတားလေးက ခပ်ခုံးခုံး၊ ခပ်ရှည်ရှည်၊ အောက်မှ ရေစီးချောင်းကလေးကလည်း သာယာပါ၏။ သို့သော် 'မေဆွိတို့လာတယ်ဟေ့'ဟု ခုနစ်သံချီ အော်လိုက်သည့် အသံ၏နောက်တွင် ရွာနီးချုပ်စပ်မှ ရှိရှိသမျှ ဝေနေယျတို့ အလျှိုလျှို ထွက်လာကြကာ မေဆွိဆိုသော မိန်းကလေးကို ဝိုင်းအုံ၍ ကြည့်ရှုနေကြ

mgyoe.com

mgyoe.com


၏။ မင်းသားမင်းသမီးဖြစ်ရသော ဒုက္ခကား မသေးလှ။ မျက်လုံးပေါင်းများစွာ၏ အောက်တွင် ခပ်ပြုံးပြုံးလေးနေရသည်မှာ ကျဉ်းကျပ်လှပါတော့၏။

သည်တံတားလေးတွင်လည်း ကျွန်တော်က မိုးရွာစေချင်၏။ မိုးရွာနေသည့် တံတားပေါ်သို့ ဒေါက်တာမသက်ရီတို့တစ်တွေ မောင်ညိုမှိုင်းကို လိုက်ရှာစေချင်၏။ မောင်ညိုမှိုင်းကိုလည်း စီးဆင်းနေသော ချောင်းကလေးတွင် မိုးရွာထဲ၌ မေ့လဲနေစေချင်၏။

ထို့ကြောင့် မေဃဒူတလက်စွဲတော် ရေပန်းကရားများကို ပြန်ယူစေ၏။

ရေပန်းကရားများကို ပြန်ယူသည့်မော်တော်ကားက တည်းခိုသည့် အိမ်သို့ ရောက်ဦးမည်မဟုတ်သေး။ ရိုက်ကွင်းမှာတော့ လူတွေ ပြည့်ကျပ်နေချေပြီ။ တံတားပေါ်တွင်လည်း လူတွေများလှသောကြောင့် တံတားလက်ရန်း အချို့ သံပြုတ်ထွက်ကုန်သည်။

ညကလည်း တဖြည်းဖြည်း မှောင်လာသည်။ ပရိသတ်ကလည်း လျော့မသွား။ မေဆွိကို အသေကြည့်နေကြ၏။ လူအုပ်ကြီးအလယ်တွင် မေဆွိခမျာ မပြုံးနိုင်ရှာတော့။ မျက်လုံးလေး ကလယ်ကလယ် ဖြစ်နေရှာချေပြီ။

'ကဲ၊ ကဲ ရှုတင်သိမ်းတော့ဟော့၊ မရတော့ဘူး။ လူတွေ သိပ်များလာပြီ' ဟု ကျွန်တော်က အော်လိုက်ပြန်သည်။

အားလုံး ပြန်ရန်ပြင်ဆင်ကြသည်။

နောက်မှ တပည့်ကျော်ဖိုးချို့ကို တိုးတိုးတိတ်တိတ် မှာရသည်။ 'အားလုံး ကိုယ်ယောင်ဖျောက်ကြ၊ နောက်တစ်နာရီလောက်မှ ပြန်လာပြီး ရိုက်ကြမယ်'

နောက်တစ်နာရီအကြာ၌ တံတားလေးပေါ်သို့ မသက်ရီတို့အုပ်စု မောင်ညိုမှိုင်းကို လိုက်ရှာသည့်အခန်းအား ခိုးကြောင်ခိုးဝှက်ရိုက်ကူး၍ ပြီးစီးခဲ့ကြသည်။

အကယ်၍ ရိုက်ကူးနေချိန်တွင် ရွာသူရွာသားများက ရုတ်တရက်

mgyoe.com

mgyoe.com


သိရှိကာ ငါတို့ကို မလိမ့်တပတ်လုပ်ပြီး ရုပ်ရှင်ရိုက်တဲ့ကောင်တွေ သိရော ပေါ့ကွာဟုတွေးကာ တုတ်တွေ ဓားတွေဖြင့် လာ၍များ အင်တိုက်အားတိုက် အားပေးကြမည်ဆိုလျှင် ...

အခြားသူတွေကတော့ မည်သို့ခံစားကြရမည် ကျွန်တော်မသိ။

ကျွန်တော့်အနေဖြင့်တော့ ထိုနေ့ည အောင်ပင်လယ်တစ်နေရာ၌ စွန့်စားခန်းအိပ်မက်တစ်ခုကို ထင်ထင်ရှားရှား မက်ခဲ့မိသည်ကား အမှန်။

❐

[ရှင်ခုန်သံ၊ အမှတ် ၂၁၊ စက်တင်ဘာ၊ ၁၉၉၁]

mgyoe.com

mgyoe.com




ထူး
တက္ကသိုလ်ဘုန်းနိုင်
စာတည်းညွှန်ရဲ့ဒိုင်ဂျက်တာ
အကယ်ဒမီ ကြည်စိုးထွန်း

# ဟိုးသူအိပ်မက်ပြေ

သိန်းဇော်
မေဆွိ
မေသန်းနု
နှင့်
ကဗျာဆရာဇော်ဝင်းထက်



mgyoe.com

mgyoe.com

## ဆက်၍မက်ဖြစ်သော အိပ်မက်

အိပ်မက်အမျိုးအစား ဘယ်နှစ်မျိုးရှိသည်ကို ကျွန်တော် မသိပါ။

မှတ်သားထားဖူးတာပဲလား၊ စိတ်ထဲက ထင်တာလားတော့ မပြောတတ်။ အိပ်မက်သည် အကြမ်းအားဖြင့် နှစ်မျိုးရှိသည်ထင်၏။

ပထမတစ်မျိုးကား သွေးလေချောက်ချားသောကြောင့် မက်သည့် အိပ်မက်ဖြစ်၍ ဒုတိယတစ်မျိုးကား အစွဲအလမ်းကြောင့် မက်သည့် အိပ်မက်ဖြစ်သည်။

ကျွန်တော် အခုမြင်မက်နေသည့် မိုးညအိပ်မက်မြူဆိုသည့် အိပ်မက်သည်ကား ထိုနှစ်မျိုးနှင့် အကျုံးဝင်ဟန်မရှိ။

ကျွန်တော်မက်နေသည့် နိုးတစ်ဝက်အိပ်မက်ကား အနုပညာပိုးနှိုးဆွ၍ မက်သည့်အိပ်မက်သာ ဖြစ်ပေတော့သည်။

အိပ်မက်ဆောင်းပါးကို ရေးပြီးသည့်အခါ ညစ်ပတ်နေသော ကျွန်တော်၏လိပ်ပြာက တီးတိုးစကား ဆိုလာ၏။ 'ကြော်ငြာဆောင်းပါးကြီးလား' တဲ့။

mgyoe.com

mgyoe.com


ကြော်ငြာသက်သက်တော့ မဟုတ်ပါ။ ကြော်ငြာလိုစိတ်လည်း ပါကောင်းပါပါလိမ့်မည်။ အဓိကအကြောင်းအရာကတော့ ဗီဒီယိုရုပ်ရှင်ကား တစ်ကားအပေါ် ၎င်းနှင့် ဆက်နွယ်နေသူတို့၏ စိတ်နေစိတ်ထား လှုပ်ရှားမှုများနှင့် ပတ်ဝန်းကျင်အနေအထားတို့ကို ကျွန်တော် ဖော်ပြလိုရင်း ဖြစ်ပါသည်။

အနုပညာသည်တို့သည် လူသားစစ်စစ်များ ဖြစ်ကြသည်။ လူလို တွေးကြသည်။ လူလိုရေးကြသည်။ လူလို လှုပ်ရှားနေကြပါသည်။ ထို အကြောင်းအရာများကို ပရိသတ်သိစေလိုသောကြောင့် အိပ်မက်မက်ခဲ့သည့် အကြောင်းအရာများကို ကျွန်တော် ရေးသားမိခြင်း ဖြစ်ပါသည်ဟု မှန်သော့ ဆင်ခြေ ပေးလိုပါတော့သည်။

အိပ်မက်ဆောင်းပါး၌ လူလိမ်၊ ဟာသ၊ စွန့်စားခန်းအိပ်မက်များ အကြောင်း ကျွန်တော် ရေးခဲ့ပါသည်။

ယခု ဆက်၍မက်သော အိပ်မက်များသည်ကား 'ဗလတ်အိပ်မက်' နှင့် 'တောင်ပြုံးအိပ်မက်' တို့ ဖြစ်ကြလေသည်။

ဗလတ်ဆိုသော စကားဝေါဟာရသည် ဇာတ်သဘင်လောကသုံး ဘန်းစကားတစ်ခုဖြစ်၍ အဓိပ္ပာယ်ကား 'ဗလတ်ပျံ့' သည်ဟုဆိုလျှင် 'ပွဲက ခြင်း' ကို ဆိုလိုပါသည်။

ပွဲအကြောင်း ပွဲကခြင်းအကြောင်းအရာများသည် မိုးညအိပ်မက်မြူ ဇာတ်လမ်း၏ အပိုင်းအစတစ်ခုအဖြစ် ပါဝင်လာသောကြောင့် ကျွန်တော် ပွဲကို စိတ်ဝင်စားပါသည်။ ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်သေးပွဲတို့သည် ကျွန်တော် နှင့် သူစိမ်းပြင်ပြင်များ မဟုတ်ကြ။

ဇာတ်ပွဲမှ ဖျာများပေါ်တွင် ကျွန်တော်ငယ်စဉ်က ဖုန်တသောသော အတွင်း အိပ်မောကျခဲ့ဖူးပါသည်။ အငြိမ့်စင်၏ ထောင့်တစ်နေရာ ခြောက်လုံး ပတ်၊ စခွန့်နှင့် ပလုတ်တုတ်ဘင်အနီးတွင် မေးတင်၍ အငြိမ့်သဘင်တွင် ရယ်မောပျော်ရွှင်ခဲ့ဖူးပါသည်။ ကျွန်တော် ကလေးဘဝက ရွှေဘိုတင်မောင်၏ ရုပ်သေးပွဲစင်ပေါ်တွင် ကွေးကွေးလေး အိပ်ပျော်ခဲ့ဖူးပါသည်ဆိုလျှင်။

mgyoe.com

mgyoe.com


ဗလတ်တွေ၊ ဖက်ခွက်စားတွေဟု မည်သူက နင့်နင့်သီးသီးဆိုကြပါ စေ။

ကျွန်တော့်အနေဖြင့် ဇာတ်သမား၊ အငြိမ့်သမားတို့ကို ကျွန်တော့် ဆွေမျိုးရင်းချာပမာ ယခုတိုင် ခင်မင်နေတတ်သည်မှာ အံ့ဩဖွယ်ရာမရှိပါဟု သာ ဆိုရပါချေတော့မည်။

အငြိမ့်မင်းသမီးဟောင်း ချယ်ရီစိန်တို့၊ မန္တလေးလူရွှင်တော် ကိုထင် ပေါ်တို့၊ ရွာစား စိန်ကြိုင်တို့နှင့် တွဲဖက်ကာ 'ချစ်သက်နွယ် မန္တလေးအငြိမ့်' ကို ဖန်တီးရသောအခါ ကျွန်တော်သည် နွယ်(မေသန်းနု)တို့၊ မောင်သစ္စာ (သိန်းဇော်)တို့နှင့်အတူ ဗလတ်စိတ်ပေါက်ခဲ့ပါ၏။ ဗလတ်အိပ်မက်ကို တပ်မက်စွာ မက်ခဲ့ရပါ၏။

ထိုညက အောင်ပင်လယ် နယ်နိမိတ်အစွန်း ရန်ကင်းတောင် အနောက်ယွန်းယွန်း၌ အငြိမ့်ခုံတစ်ခုံကိုဆောက်၍ ချစ်သက်နွယ်အငြိမ့်ကို တစ်ညလုံး ကပြခဲ့ကြရလေသည်။




mgyoe.com

mgyoe.com


လူရွှင်တော်က မေတ္တာ(ထင်ပေါ်)၊ သစ္စာ(သိန်းဇော်)၊ ချစ်စရာ (ဓာတ်လင်း) တို့ဖြစ်၍ မင်းသမီးက ချစ်သက်နွယ်(မေသန်းနု)။

ပရိသတ်က တကယ့်အငြိမ့်ကြည့်ပရိသတ်လိုပင် စည်ကားလှသည်။ ညနေ နေမဝင်မီကတည်းက...။

ညင်းလေ့ကြမ်းကြောင့် တလွင့်လွင့်ပျံနေသော တိုင်ဖုံး၊ နဖူးစည်း၊ ကားလိပ်ကြီးများ ဆင်ယင်ထားသည့် အငြိမ့်စင်၏ရှေ့တွင် ဖျာခင်းသူကခင်း၊ နေရာဦးသူကဦးနှင့် စည်ကားနေပေပြီ။ အငြိမ့်စင်၏ နောက်ဘက်တွင် ရှမ်းရိုးမ မှိုင်းညို့ညို့ကြီးက ငြိမ်သက်စွာ ပွဲကြည့်နေသည့်နှယ်။

လျှပ်စစ်မီး အခက်အခဲကြောင့် တကယ့်အငြိမ့်ပွဲများမှာကဲ့သို့ပင် အင်ဂျင်မီးစက်တစ်လုံးဖြင့် အငြိမ့်စင်ကို မီးထွန်းထားသောကြောင့် တစ်ညလုံး အင်ဂျင်မီးစက်ခုတ်မောင်းသံကို ကြားနေရသည်။ ထိုအသံသည်ပင်လျှင် အငြိမ့်ပွဲ၏ အရသာကို ပို၍ ဖြည့်ဆည်းပေးနေသည့်နှယ် ခံစားရသောကြောင့် အသံဖမ်းယူသည့်အခါ မီးစက်သံပါအောင် ဖမ်းယူထားလိုက်သည်။

ကျွန်တော်သည် ပွဲကြည့်ပရိသတ်များနှင့်အတူ လူရွှင်တော်များဖြစ်ကြသော မေတ္တာ(ထင်ပေါ်)၊ သစ္စာ(သိန်းဇော်) နှင့် ချစ်စရာ(ဓာတ်လင်း) တို့၏ ပြက်လုံးများကို တဝါးဝါးတဟားဟား လိုက်ရယ်နေမိသလို ချစ်သက်နွယ်(မေသန်းနု)၏ ရွှေသဇင်သီချင်း၊ ချစ်သက်နွယ်သီချင်း အဆိုအကများကို တအံ့တသြ ငေးမောသာယာနေမိခဲ့သည်။ ပီတိပရိသတ်တစ်ဦးနှယ်ပင်။

သည်လိုနှင့် မိုးလင်းလုလုအချိန်ထိ ဗလတ်အိပ်မက်ကို တပျော်တပါးကြီး မက်ခဲ့လေသည်။

မိုးညအိပ်မက်မြူဝတ္ထုထဲမှ နွယ်တို့နေထိုင်သော မတ္တရာမြို့သို့ ကျွန်တော် တစ်ကြိမ်မှ မရောက်ဘူးခဲ့။ တောမြို့လေးတစ်မြို့မျှသာ ဖြစ်သည်ဟု အထင်ရှိရာမှ မတ္တရာမြို့သို့ ရောက်သည့်အခါ အထင်နှင့်အမြင် ပါစင်အောင်လွဲနေကြောင်း နားလည်ခဲ့ရပါသည်။

မတ္တရာမြို့သည် ကျယ်ဝန်းကြီးမားသည်နှင့်အမျှ မြို့သူမြို့သားများ

mgyoe.com

mgyoe.com


ကလည်း အနုပညာအားပေးသည့်အရာတွင် ကြောက်စရာကောင်းလောက်အောင် တက်ကြွလှပါဘိတော့သည်။

ရိုက်ကူးချင်သည်က မန္တလေးသို့ အငြိမ့်ထောင်ရန် မီးရထားဖြင့် သွားကြမည့် ကိုမေတ္တာ(ကိုထင်ပေါ်)နှင့် ကိုသစ္စာ(သိန်းဇော်)အား နွယ် (မေသန်းနု)က ဘူတာတွင် နှုတ်ဆက်ခန်းနှင့် မန္တလေးမှပြန်လာမည့် ထိုနှစ်ဦးအား နွယ်က စောင့်မျှော်ခန်းတို့ကို ရိုက်ကူးလိုခြင်း ဖြစ်ပါသည်။ ရိုက်စရာ များများစားစား ရှိလှသည်တော့ မဟုတ်ပါ။ တကယ့် မတ္တရာမြို့၏ အငွေ့အသက် မတ္တရာဘူတာလေး၏ ပကတိမြင်ကွင်းတို့ကို လိုချင်၍သာ လာခဲ့ခြင်းဖြစ်ပါသည်။ လိမ်ညာရိုက်ကူးသွားမည်ဆိုလျှင်လည်း ဖြစ်နိုင်လောက်ပါသည်။ လိမ်ရတာ ညာရတာတွေ များလွန်းတော့လည်း အစစ်အမှန်လေးများဖြင့် တွဲမှိုကာ ပြသချင်သောကြောင့် မတ္တရာမြို့သို့ လာခဲ့မိခြင်း ဖြစ်ပါသည်။

မြို့သူမြို့သား ပရိသတ်များအနေဖြင့်တော့ အားပေးခြင်း ဖြစ်ကောင်း ဖြစ်ပါလိမ့်မည်။ မင်းသမီး မင်းသားကို ကြည့်ရှုလို၍လည်း ဖြစ်ပါလိမ့်မည်။ စက်ဘီးတွေ၊ မြင်းလှည်းတွေနှင့် အင်တိုက်အားတိုက် ဖိဖိစီးစီး အားပေးလာသောအခါ ကျွန်တော်တို့မှာ ဘာမှလုပ်၍ မရတော့ပါ။ စိတ်ကူးယဉ်ထားသော အေးချမ်းသည့် မတ္တရာဘူတာလေးကို နှမြေတသစွာ စွန့်ခွာခဲ့ရပါတော့သည်။

ကြောက်စရာကောင်းလောက်အောင် အားပေးတတ်သည့် ပရိသတ်ကြောင့် ကျွန်တော်တို့အနေဖြင့် သဘာဝရှုခင်းပေါင်းများစွာကို ဆုံးရှုံးရပေါင်း၊ လက်လွှတ်ခဲ့ရပေါင်း များလှပါချေပြီ။

ယခုလည်း မတ္တရာဘူတာလေးကို ရိုက်ကူးဖို့အရေး ဟိုနေရာက ချောင်း၊ သည်နေရာက ချောင်း၍ နေပါသော်လည်း ပရိသတ်က တစ်ခဏချင်းမှာပင် များများလာသည့်အတွက် မတ္တရာကို ကျောခိုင်းကာ ရေမြောင်းဘောင်ကားလမ်းလေးအတိုင်း မန္တလေးသို့ပြန်ရင်း 'တောင်ပြုံးအိပ်မက်' ကို ဆက်၍ မက်ဖြစ်ခဲ့ရပါတော့သည်။

mgyoe.com

mgyoe.com


မန္တလေးမြို့မှ ပန်းချီပညာကျော်ကြီးများ၊ ဓာတ်ပုံပညာရှင်ကြီးများ ထွက်ပေါ်လာတတ်သည်မှာ သူတို့၏ အရင်းခံပါရမီအပြင် သူတို့၏ ပတ်ဝန်းကျင်ဒေသကလည်း သူတို့အား အထောက်အကူ ပြုပေးနေသည်ဟု ကျွန်တော် ထင်မိ၏။

ပတိရူပ၊ ဒေသဝါသောစပဲ ဆိုပါတော့။

ယခုပင်လျှင် ကြည့်ပါဦး။

ရေမြောင်းဘောင် ကားလမ်းလေးအတိုင်း ဖုန်တထောင်းထောင်း ထဲမှာ မောင်းလာသည့်ကားပေါ်မှ ဝဲယာကို မျှော်ကြည့်လိုက်ပါလျှင် ပန်းချီကားချပ်ကြီးပေါင်းများစွာနှင့် ကြီးမားစွာ ကူးချဲ့ထားသော ဓာတ်ပုံပေါင်းများစွာကို တွေ့မြင်နေကြရပါသည်။

ဘုရားအို ကျောင်းပျက်ကလေးကအစ ပန်းချီဆန်နေပါသည်။ လက်ပံပင်ကြီးနှင့် လှည်းလမ်းကြောင်း၊ လူသွားလမ်းသွယ်ကလေးကလည်း လှပနေပါသည်။ အညာဘက်ဆီမှ ထန်းတောအုပ်နှင့် လယ်ကွင်းတွေက လည်း အောက်ပြည်အောက်ရွာမှာ ဘယ်လိုရှာရှာ မတွေ့နိုင်သည့် ရှုမျှော်ခင်း မျိုး။

လမ်းကြမ်း၍ ကားဘယ်လိုပင် ဆောင့်ဆောင့် ဖုန်ထူလွန်းသောကြောင့် ဖုန်မှုန့်တွေ ဘယ်လောက်ပဲ လူကိုလာ၍ ကပ်နေပါစေ၊ ချစ်စရာ ကြည်နူးစရာ မြတ်နိုးစရာ လှပသော အညာဒေသ မြန်မာ့ရှုခင်းသို့ တမက် တမောကြည့်နေရင်း မိမိကိုယ်မိမိ မြန်မာတစ်ယောက်ဖြစ်ရသည်ကို ဂုဏ်ယူလိုသောစိတ်များသည် တောင်ပြုံးရွာသို့ရောက်သည်အထိ တိုးပွားနေခဲ့ပါကြောင်း၊ နိုးကြားနေခဲ့ပါကြောင်း၊ တောင်ပြုံးအိပ်မက် နိုးတစ်ဝက်ဘွင် တစ်သက်သက် ခံစားခဲ့ရပါကြောင်း။

[ရှင်ခုန်သံ၊ အမှတ် ၂၂၊ အောက်တိုဘာ၊ ၁၉၉၁]

□

mgyoe.com

mgyoe.com

# အိပ်မက်နိဂုံး

(အိပ်မက်နှင့် 'ဆက်၍မက်ဖြစ်သော အိပ်မက်' ဆောင်းပါး ဖြစ်ပါသည်။)

*

'မိုးညအိပ်မက်ဟာ ဆုံးခဲ့ပါပြီမမရီ၊ ကျွန်တော် ဘယ်လောက် ဆက်မက်ချင်ပေမဲ့ ဒီအိပ်မက်ဟာ မလာတော့ပါဘူး။ မစိုးရိမ်ပါနဲ့ မမရီ။ ကိုသစ္စာနဲ့ နွယ်တို့ရဲ့ ဇာတ်လမ်းဟာ ဆုံးခဲ့ပါပြီ။ ဒီဇာတ်လမ်းဆုံးခြင်း နိဂုံး ချုပ် ပြည်ဖုံးကားချခြင်းဖြစ်တဲ့ သူတို့လက်ထပ်ပွဲကိုတော့ ကျွန်တော် လာခဲ့ ပါဦးမယ်။ အဲဒီအခါကျမှ ကျွန်တော့်လိုပဲ မမရီ လာဝံ့ရင် ဆုံကြတာပေါ့။ အခုတော့ ကျွန်တော် နှုတ်ဆက်တယ်မမရီ။ ပြန်ပေတော့ ခပ်မြန်မြန်လေးသာ ပြန်ဦးတော့'

ဇာတ်လမ်းပြီးဆုံးခါနီးတွင် မောင်ညိုမှိုင်းက မမရီကို ပြောခဲ့သည့် (ဆရာတက္ကသိုလ်ဘုန်းနိုင်)၏ စကားများ ဖြစ်ကြပါသည်။

'မိုးညအိပ်မက်ဟာ ပြီးဆုံးခဲ့ပါပြီ မမရီ' ဆိုသော အဆင့်သို့ရောက် အောင် ဇီဒီယိုရိုက်ကူးခဲ့ရသည်များကို ပြန်လည်စဉ်းစားလိုက်လျှင် ယခုခေတ်

mgyoe.com

mgyoe.com


ပေါ်စကားလို 'ရှာလည်' ခဲ့သည့် ဖြစ်ရပ်များကို ပြန်၍ သတိရမိလေ၏။ 'အိပ်မက်' ဆောင်းပါးကို ရေးခဲ့စဉ်က ဆောင်းပါးအပြီးတွင် 'အိပ်မက် ဆက်မက်ပါဦးမည်' ဟု ရေးသားခဲ့ပါသည်။ ထို့ကြောင့် 'ဆက်၍မက်ဖြစ်သော အိပ်မက်' ဆောင်းပါး ရေးဖြစ်ခဲ့ရသည်။ ထိုဆောင်းပါးအဆုံးတွင်မူ အိပ်ရာမှ မနိုးသေးပါ' ဟု နိဂုံးချုပ်ခဲ့မိပြန်သည်။ (ထိုသို့ နိဂုံးချုပ်ရခြင်းမှာ မိုးညအိပ်မက်မြို့ ဗီဒီယိုဇာတ်လမ်း ရိုက်ကူးမှု ပြီးဆုံးခြင်း မရှိသေးသောကြောင့် ဖြစ်ပါ၏။)

ထိုဆောင်းပါးအပြီးတွင် မပြီးနိုင်သေးသော မိုးညအိပ်မက်မြို့ ဗီဒီယိုဇာတ်လမ်းကို ဆက်လက်ရိုက်ကူးဖြစ်ခဲ့၏။ ရိုက်ကူးရာ၌ အထက်က ပြောခဲ့သလို 'ရှာလည်' ခဲ့ရသည်များကား မနည်းလှ။

မိုးညအိပ်မက်မြို့၏ အဓိကဇာတ်လိုက် မောင်ညိုမှိုင်း သို့မဟုတ် ကိုသစ္စာ သို့မဟုတ် မောင်မြင့်ဝေ ခြေဦးတည့်ရာသွားလေသမျှ လိုက်ခဲ့ရသည့် ခရီးက ဟိုတစ်နေရာ သည်တစ်နေရာ။

မန္တလေး၊ တောင်ပြုံး၊ မတ္တရာ၊ ရန်ကုန်၊ ပေါင်းတည် စသည် စသည်။

ထိုသို့ 'ရှာလည်' နေခြင်းကြောင့် အိပ်မက်ကို နိဂုံးမချုပ်ဖြစ်ခဲ့။ နိဂုံးချုပ်ဆောင်းပါးကိုလည်း မရေးဖြစ်ခဲ့။ ဆောင်းပါးကို စိတ်ဝင်စားခဲ့ကြသည့် အသိအကျွမ်းများက 'ဘယ်လိုလဲ အိပ်ရာက မနိုးသေးဘူးလား' ဟု ရယ်မော၍ မေးတတ်ခဲ့ကြလေသည်။ တကယ်ပင် မိမိသည် အိပ်ရာမှ မနိုးနိုင်ခဲ့။ မိုးည သံသရာလည်ခဲ့ရသည့်ရက်များက ရှည်ကြာလှပါဘိ။

ပေါင်းတည်မြို့သို့ ဇာတ်ဝင်ခန်းများ သွားရောက်ရိုက်ကူးခဲ့သည့်လက မိုးနှောင်းကာလ။ သိန်းဇော်၊ မေဆွိ၊ ဦးဝမ်ချုး၊ ဖိုးချို၊ ပေါ်ဦးနှင့် ပိုင်တို့ပါကြသည်။ ပေါင်းတည် ဈွယ်တော်စေတီ၊ ဘုတာရုံတစ်ဝိုက်၊ ဈေးအနီး ရိုက်ကူးခဲ့သည်။ ထုံးစံအတိုင်း ထိန်းလိုက်ရသည့် ပရိသတ်။ ဘူတာဝင်းဇာတ်ဝင်ခန်းလေး ရိုက်ရမည့်အရေး မင်းသမီးရော၊ ဒါရိုက်တာရော၊ ရိုက်ကူးရေးအဖွဲ့ပါ ခွေးပြေးဝက်ပြေး ပြေး၍ ရိုက်ခဲ့ကြရသည်။ သည်တော့...

ပေါင်းတည်မြို့သို့ ဒေါက်တာမသက်ရှိ ရောက်လာပုံက ဆရာ

mgyoe.com

mgyoe.com


တက္ကသိုလ်ဘုန်းနိုင် ရေးခဲ့သလို ခံ့ခံ့ညားညား ထည်ထည်ဝါဝါ ရှိရမည့်အစား အပြေးအလွှားဆန်နေမည်လားဟု မိမိကိုယ်မိမိ လိပ်ပြာမသန့်။

မည်သို့ပင်ဖြစ်စေ ပေါင်းတည်မြို့နှင့် ပတ်သက်သော ရိုက်ကူးမှုလုပ်ငန်းများကား ပြီးဆုံးခဲ့ချေပြီ။

သို့သော် အိပ်မက်က မပြီးဆုံးသေး။ နောက်ဆုံး မောင်ညိုမှိုင်းနှင့် ဒေါက်တာမသက်ရီတို့ တံတားကြီးပေါ်တွင် မိုးစက်မိုးပေါက်များအကြား တွေ့ဆုံကြသည့် ဇာတ်သိမ်းခန်းက အတိအကျကျန်၍ နေလေပြီ။

စင်စစ် သည်ဇာတ်သိမ်းက တော်တော်ကို အရေးကြီးသည်။ ရေးကြီးခွင်ကျယ်ပြောသည်တော့ မဟုတ်။

မိမိ ၉ တန်း၊ ၁၀ တန်း ကျောင်းသားဘဝက ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ မိုးညအိပ်မက်မြူကို ထမင်းစားဖို့ပင် သတိမရလောက်အောင် အစွဲကြီးစွဲ၍ အဖတ်ကြီးဖတ်နေစဉ်ခိုက်က ဤဇာတ်သိမ်းက အလွန်ပင် နှလုံးအခုန်မြန်စေသောကြောင့် ဖြစ်ပါသည်။

မိခင်မဲ့၊ ချစ်သူပစ် မောင်ညိုမှိုင်းဘဝကို လွန်စွာ သနားမိခဲ့ဖူးသည်။ ဇနကမင်းသား သမုဒ္ဒရာအတွင်း နစ်လုဆဲဆဲ ကယ်မည့် မေခလာနတ်သမီး ပေါ်လာဘိသကဲ့သို့ မောင်ညိုမှိုင်းကိုလည်း ကယ်မည့်သူ ပေါ်လာစေလို မိပါသည်။

သူ့ကို ကယ်နိုင်မည့်သူက ဒေါက်တာမသက်ရီပဲ ဖြစ်ပါသည်။ မမရီသာ မကယ်လျှင် မောင်ညိုမှိုင်းသည် မိုးသည်းသည်းထဲတွင် အဆုံးမရှိ ခရီးနှင်နေရှာပါလေတော့မည်။

မိုးည မည်းမည်း မြူသည်းသည်းတွင် မောင်ညိုမှိုင်းတစ်ယောက် ဝိုးတဝါးအိပ်မက်များကို ကြောက်ရွံ့ထိတ်လန့်စွာ မက်နေရရှာပါလိမ့်မည်။

ကယ်တင်လိုက်ပါ မမရီ...။

သနားစရာ မောင်ညိုမှိုင်းကို ပစ်မထားပါနှင့်...။

မောင်ညိုမှိုင်းတစ်ယောက် စိတ်အားငယ်စွာနှင့် မိုးထဲလေထဲ ခြေဦးတည့်ရာ သွားနေပါပြီ။

mgyoe.com

mgyoe.com


သူ့ကို ကယ်ပါဦး မမရီ...။

*

သို့သော်...

မမရီက မေဆွိအဖြစ် သီချင်းတွေ တကြော်ကြော် ဟစ်ကြွေးနေ၏။

မောင်ညိုမှိုင်းက ဇာတ်မင်းသားလေး သိန်းဇော်အဖြစ် မန္တလေး အညာဒေသဘုရားပွဲတော်ကြီးများတွင် နန်းဝင်းနှင့် အတူတွဲ၍ ပျော်ပျော် ပါးပါး ကနေ၏။

မိမိသည်လည်း မိုးညအိပ်မက်အတွင်းမှ တဂူးဂူး တဝါးဝါး အော်ဟစ်ရန်းကန်ထွက်ပြေးကာ 'လူမိုက်လက်သစ်ကွ'ဟု ယောင်ယမ်း ကြိမ်းဝါးအော်မိသလို 'ချစ်ပါကွယ် မောင့်ကို' တေးသီချင်းကို မပီမသ ညည်းညူနေခဲ့မိ၏။

အိပ်မက်ကို ပြီးဆုံးစေချင်ပြီဖြစ်ပါလျက် အိပ်မက်က မပြီးဆုံးသေး။ အိပ်ရာက နိုးထ၍ မရသေး။

ကံကြမ္မာအလှည့်ပေး၍ သိန်းဇော်၊ မေဆွိတို့နှင့် ဆုံဆည်းရသော တစ်နေ့ကို မိမိ ငယ်စဉ်က မောင်ညိုမှိုင်းနှင့် မမရီကို ဇာတ်သိမ်းခန်း၌ တွေ့ဆုံ စေလိုမိခဲ့ကြောင်း၊ မတွေ့ဆုံကြမှာကို စိုးရိမ်မိခဲ့ကြောင်း တကယ်တမ်း ဤဇာတ်လမ်းကို ရိုက်ကူးရသောအခါတွင် မမရီနှင့် မောင်ညိုမှိုင်းတွေ့ဆုံခန်း ကို တိုက်တိုက်ဆိုင်ဆိုင် အချိန်တော်တော်စောင့်ပြီးမှ ရိုက်ရကြောင်း ပြောပြ မိသည်။


'သူတို့နှစ်ယောက် မပေါင်းကြမှာကို ငါ သိပ်စိတ်ပူတာပဲဟာ'ဟု ပြောမိသောအခါ မဆွေ(မေဆွိ)က ကလေးဆန်လွန်းနေသော ဒါရိုက်တာ ကို စေ့စေ့ကြည့်၍ မျက်ရည်ကြည်လဲ့လာအောင် ရယ်နေသေး၏။

ဇာတ်သိမ်းခန်း ရိုက်သည့်နေ့က ရွာပြီးရင်း ရွာလွန်းရသောမိုးကို စိတ်နာနာနှင့် သိန်းဇော်ရော မဆွေကိုပါ ကြွက်စုတ်ရေနှစ်သည့်နယ် ရွှဲနေ အောင် ရွာပစ်လိုက်စေမိခဲ့သည်။

mgyoe.com

mgyoe.com





အိပ်မက်ပြီးဆုံးချိန်၌ နေသည် အနောက်ဘက်ကမ်း၌ မေးတင်နေချေပြီ။ မှောင်စပြုနေသော တစ်ဖက်ကမ်း သန်လျင်မြို့မှ ဆရာဘုန်းနိုင်ဆီသို့ ရည်မှန်း၍ တီးတိုးရေရွတ်ခဲ့မိသေး၏။

'ဆရာရေ၊ ကျွန်တော်တော့ ကျွန်တော့်အစွမ်းရှိသမျှ ဖန်တီးပြီးပါပြီ၊

mgyoe.com

mgyoe.com


ကြိမ်းမောင်းဟိန်းဟောက်ရင်လည်း ဆုလာဘ်ပါပဲ၊ ခြေနှင့်ကျောက်ရင်လည်း ဆုလာဘ်ပါပဲ'

*

အိပ်ရာမှ နိုးသည့်တိုင် အိပ်မက်၏အရှိန်က မပြေသေး။ အိပ်မက်ကို စားမြုံ့ပြန်သည့်အထဲတွင် ဗီဒီယိုဓာတ်ပုံ ရိုက်ပေးရသည့် ဓာတ်ပုံဆရာ 'မောင်ခင်လှ' ဗီဒီယိုတည်းဖြတ်ထုတ်လုပ်ပေးရသည့် 'ကိုအေးမင်း(ဟသ်ာ)' နှင့် 'ဂီတမှူး စန္ဒယားလှထွတ်' တို့ ပါဝင်လာကြသည်။

မောင်ခင်လှအနေဖြင့် ရိုက်ကူးမှု ပြီးဆုံးသွား၍ ပေါ့ပေါ့ပါးပါး နေနိုင်သွားသော်လည်း အိပ်မက်အပိုင်းအစများကို ဆက်၍မက်ရသော အေးမင်း (ဟသ်ာ) ခမျာ မသက်သာလှ။ မိုးညအိပ်မက်မြူက ဘယ်အခန်းကိုမှ ထပ်မပြရပါဘဲနှင့် အပိုင်း ၂ ပိုင်း ခွဲရသည့်အဖြစ်သို့ ရောက်ခဲ့ရသည်။ တစ်ပိုင်းလျှင် ပြသချိန် နှစ်နာရီ တင်းတင်း။

မိုးညအိပ်မက်ကို မက်ခဲ့ရသည်မှာ အချိန်ကြာသလောက် အိပ်မက်ရှည်သလောက်...၊ အိပ်မက်အပေါ် ကျေနပ်ခဲ့ပြီ။ အိပ်မက်ကို ဖန်တီးပေးသူများကိုရော၊ မြူးထူးအာရုံဝင်စား စားမြုံ့ပြန်ပေးသူများကိုရော ကျေနပ်မိသည်။

သည်အိပ်မက်နှင့် ပတ်သက်သမျှ မိမိ၌သာ တာဝန်ရှိသည်ဟု ရဲရဲခံဝံ့လာသည်။

အိပ်မက်ပြီးဆုံးသောကြောင့် အိပ်ရာမှထကာ မျက်နှာသစ်ပြီးသည့်နောက် မောင်ညိုမှိုင်းတို့၊ မသက်ရီတို့၊ နွယ်တို့ကို လှမ်းကြည့်မိသောအခါ ...။

မောင်ညိုမှိုင်း(သိန်းဇော်-မန္တလေး)က နန်းဝင်းနှင့်အတူ ကျိုက္ကလို့ ကျိုက္ကလဲ့ဘုရားပွဲတော်တွင် ပျော်ပျော်ပါးပါး ကခုန်မြူးထူးလျက်...။

မသက်ရီ (မေဆွိ)က ပုသိမ် ဧရာဝတီတိုင်းတစ်ခွင် ချိုလွင်သော တေးသံများကို သီကျူးဖျော်ဖြေသီဆိုလျက်...။

mgyoe.com

mgyoe.com


နွယ်(မေသန်းနု)က မန္တလေးမြို့တွင် ကိုဇော်မြင့်တို့နှင့် ရုပ်ရှင်ကားကြီးတစ်ကားကို သွားရောက်ရိုက်ကူးနေလျက် ရှိကြောင်း တွေ့လိုက်ရသည်။

မိမိမှာမူကား အိပ်မက်ပြီးဆုံး၍ အိပ်ရာမှထပြီဖြစ်ပါလျက် အိပ်မက်ကို သံယောဇဉ်မပျက်။

အေးမင်း (ဟသ်ာတ)နှင့်အတူ...

ဂီတမှူး စန္ဒရားလှထွတ်နှင့်အတူ....

မောင်ညိုမှိုင်းနှင့်အတူ...

မသက်ရှိနှင့်အတူ...

နွယ်နှင့်အတူ...

ထားနှင့်အတူ... အတူ... အတူ...။

□

mgyoe.com

mgyoe.com

# ကိုစောညိန်း

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

## ချစ်စွာသောညိန်း ချစ်သောငြိမ်း

ကိုစောညိန်းအကြောင်း မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းမှ ထုတ်ဝေခဲ့သော စာအုပ်တွင် ဤသို့ ရေးသားခဲ့၏။

ကိုစောညိန်းနှင့် ပတ်သက်၍ ကြိုတင်ပြောထားလိုသော အချက်နှစ်ချက် ရှိပါသည်။ ပထမအချက်မှာ ကိုစောညိန်းအား လေ့လာကြည့်ရှုရာတွင် နန်းတော်ရှေ့ဆရာတင်၊ မြို့မငြိမ်း၊ ရွှေပြည်အေး စသူတို့ကဲ့သို့ လူ့ဘဝတွင် အသက်ပြည့် နေသွားရသူမဟုတ်ဘဲ အသက် ၂၇ နှစ်အထိသာ နေသွားရသည့် လူငယ်တစ်ဦး အဖြစ်ဖြင့်သာ ကြည့်ရှုရန်ဖြစ်ပါသည်။ ဒုတိယတစ်ချက်မှာ ကိုစောညိန်းသည် စီးပွားရေးချို့တဲ့သူဖြစ်ခြင်းကြောင့် သူ့ခေတ် သူ့အခါက အရာရာတွင် မပြည့်မစုံ ချို့ချို့ငဲ့ငဲ့နှင့် အပျော်တမ်းတီးဝိုင်းကို မဖြစ်ဖြစ်အောင် ခဲရာခဲဆစ်လုပ်ဆောင်ခဲ့ရသည့် အချက်ဖြစ်ပါသည်။ ဤအကြောင်းကြောင့်လည်း သူ၏ ဂီတနက်သန် အပျော်တမ်းတီးဝိုင်းသည် တစ်နှစ်ကျော်နှစ်နှစ်နီးပါးမျှသာ အသက်ရှည်ခဲ့ရပါသည်။ ထို့ကြောင့် ကိုစောညိန်း

mgyoe.com

mgyoe.com


၏ အနုပညာလုပ်အားသည် အချိန်ကာလအားဖြင့် သက်တမ်း နှစ်နှစ်ခန့်မျှသာ ရှိခဲ့ပါသည်။ ဤအတောအတွင်း သူ ထုတ်လုပ်ခဲ့သည့် သီချင်းများ စုစုပေါင်းလိုက်မှ ၃၇ ပုဒ်မျှသာ ရရှိပါသည်။ တိုတောင်းလှသည့်အချိန်အတွင်း ကိုစောညိန်း ထုတ်လုပ်ခဲ့သည့် သီချင်းများသည် ဂီတလောကတွင် မှတ်ကျောက်တင်ခံနိုင်သည့် သီချင်းများအဖြစ် ကျန်ရစ်ခဲ့ပါသည်။ သူ့သီချင်းများသည် ရိုးသွားပြီ၊ ခေတ်ကုန်သွားပြီ ဟူ၍ မရှိ။

ဟူ၍ ဖြစ်ပါ၏။

ကိုစောညိန်း၏ အတ္ထုပ္ပတ္တိတစ်နေရာတွင် ဤသို့ ဖော်ပြထားပြန်၏။

ကိုစောညိန်းသည် ပိုက်ဆံရရေးကို မလိုက်ပေ။ ဂီတကို ပညာရပ်တစ်ခုအနေနှင့် လိုက်စားသည်။ ကြေးစားအဖြစ် မခံယူလို။ ထို့ကြောင့် နက်နဲသော ဂီတပညာကို ရှာဖွေစူးစမ်းသည်။ သင်ယူသည်။ စမ်းသပ်ရေးသားသည်။ မြန်မာဂီတစာဆိုထဲတွင် မန္တလေးမြို့မှ ဆရာမြို့မငြိမ်းကို နှစ်သက်သည်။ လေးစားသည်။ ဆရာမြို့မငြိမ်းသည် မြန်မာမှု၊ မြန်မာ့ဟန် မပျက်စေဘဲ ခေတ်ဆန်သော အသံလေးများနှင့် ဖက်စပ်ကာ မြို့မငြိမ်း၏ မူတစ်ခုဖြစ်အောင် လိုင်းသစ်ထွင်သွားသူ ဖြစ်သည်ဟု ယူဆသည်။

မှန်ပါ၏။ ကိုစောညိန်းနှင့် မြို့မငြိမ်းတို့၏ ဟန်သစ်၊ မူသစ်များကို ယနေ့ထိ ကျွန်တော်တို့ ကြားနေရဆဲ၊ ခံစားနေရဆဲ ဖြစ်ပါ၏။ အကြောင်းအရာတစ်ခုကိုပင် သူ့နည်းသူ့ဟန်နှင့်သူ ဖွဲ့ဆိုရာတွင် ထက်ထက်မြက်မြက်ရှိသလောက် ခံစားချက်ခြင်း တစ်မျိုးစီဖြစ်အောင် ဖွဲ့နွဲ့နိုင်သည်ကို တွေ့မြင်ခဲ့ရပါ၏။ ကျွန်တော့်အမြင်သက်သက်ကို ပြောရမည်ဆိုလျှင် ဆရာမြို့မငြိမ်းက မြင်ကွင်းတစ်ခုကို အပြင်လူတစ်ယောက်အနေဖြင့် ထောင့်စုံဘက်စုံမှ အတွေးမျိုးစုံဖြင့် ဖော်ပြနိုင်သကဲ့သို့ ကိုစောညိန်းက မြင်ကွင်းတစ်ခုကို

mgyoe.com

mgyoe.com


အတွင်းလူအနေဖြင့် ရင်တွင်းခံစားချက်များထည့်ကာ စပ်ဆိုလေ့ရှိပါ၏။

ဥပမာ ဆရာမြို့မငြိမ်း၏ ရေချိုးဆိပ်နှင့် ကိုစောညိန်း၏ ဆည်းဆာတေးသီချင်းဆိုကြပါစို့။

ရေချိုးဆိပ်တွင် နေရောင်ခြည်နှင့် ပန်းစားလှသော ဖူးသစ်စလုံမလေးများ ပျော်ပျော်ပါးပါး ရေကူးနေကြပုံ၊ ထိုသူငယ်မတို့ ကြွက်သားအဖုဖုလုလင်ကြည့်ပြီး တစ်ဦးကိုတစ်ဦး နောက်ပြောင်နေကြပုံ၊ အဝတ်လျှော်နေသော အဘွားအို ဆပ်ပြာကို ဆဲနေပုံ၊ ငှက်သမ္ဘန် အိပ္ပဲ့ အိပ္ပဲ့နှင့် လှော်ခတ်သွားပုံ၊ ကုန်းပေါ်က လူပျိုလေးတစ်ယောက် ဘာကိုငေးမှန်း မသိပုံတို့ကို စုံလင်အောင် ဖွဲ့ဆိုသွားပါသည်။ အကြောင်းအရာကလည်းစုံ၊ အဖွဲ့အနွဲ့ကလည်း စုံသလောက် တူရိယာပစ္စည်းအနေဖြင့်လည်း လေမှုတ်တူရိယာများ၊ ပတ်မဒိုးဝိုင်းများဖြင့် စုံလင်စွာ စီမံခန့်ခွဲထားလေရာ အလွန်ပင် နားထောင်ကောင်းပြီး အများနှစ်သက် ခံစားခဲ့ကြသော သီချင်းတစ်ပုဒ် ဖြစ်ခဲ့ပါသည်။

ကိုစောညိန်း၏ ဆည်းဆာသည်လည်း ဆိပ်ကမ်းတစ်ခုကို ဖွဲ့ဆိုထားသော သီချင်းဖြစ်ပါသည်။ သို့သော် သူဖွဲ့နွဲ့ပုံက ဆရာမြို့မငြိမ်းလိုမဟုတ်။ တူရိယာပစ္စည်းကိုလည်း မြန်မာဂီတာ၊ ပလွေ၊ တယောလောက်ဖြင့် ကြဲတောက်တောက် အသုံးပြုထားသည်။ သို့သော် ကိုစောညိန်းသီချင်းကလည်း တစ်မျိုးတစ်ဘာသာ ထူးခြားကောင်းမွန်နေပြန်ပါ၏။ ဆရာမြို့မငြိမ်း၏ ရေချိုးဆိပ်သီချင်းထဲက ဘာကိုငေးမှန်းမသိသော လူပျိုလေးသည် ကိုစောညိန်းများ ဖြစ်လေမလားဟု ကျွန်တော် ထင်မိပါ၏။ ကိုစောညိန်း၏ ဆည်းဆာသီချင်းထဲတွင် အတွေးများ၊ ခံစားချက်များ ပါနေသောကြောင့် ဖြစ်ပါသည်။

ဆည်းဆာသီချင်း၌ ချစ်သောသူနှင့် ဝေးနေသော လူငယ်လေးသည် အုံ့မှိုင်းနေသော ညနေဆည်းဆာရိပ် နေရီရီတွင် လေ့နာဝါလေးများကို မြင်ရသောအခိုက် လမ်းကြုံရင် သူ့ချစ်သူဆီများ ခေါ်သွားနိုင်မလားဟု တွေးမိ

mgyoe.com

mgyoe.com


မေးမိနေပုံ၊ ဟာသ်ာငှက်မောင်နှံတို့ တောင်ပံယှက်ကာ 'အောင်' 'တော်' ခေါ် ထူး၍ ချစ်ကြင်နာနေကြပုံများကို မြင်ရပြီး သူ့မှာ ချစ်သူနှင့် ဝေးနေသောကြောင့် လွမ်းရဆွေးရပုံ၊ တယ်လည်း အဖြစ်သည်းတဲ့ ငှက်တွေပဲဟု အမိပ္ပာယ်သက်ရောက်အောင် 'နေညိုဒြိပ်တန်းတက်ဝယ်၊ တူနွဲ့ယှက်ကာ၊ ပျော်နိုင်ပါပေတယ်' ဟူ၍ 'နိုင်' ဆိုသော စကားလေး ထည့်သွင်းဖွဲ့ဆိုထားပုံများကို တွေ့မြင်ရပါသည်။

ဆရာမြို့မငြိမ်းက အပြင်မှ အတွေးအမြင် အစွမ်းပြနိုင်သလို ကိုစောညိန်းက အတွင်းမှ အတွေးအမြင်များကို ခံစားပြခဲ့ကြပုံကို နတ်သျှင်နောင်သီချင်းနှင့် ရတုဘုရင်၊ နွေနှောင်းဝသန် သီချင်းတို့တွင် တွေ့မြင်နိုင်ကြပါ၏။ ဆရာမြို့မငြိမ်းက နတ်သျှင်နောင်၏ တပ်မတော် ခင်းကျင်းထားပုံများ၊ ရာသီဥတုကြောင့် ခံစားချက်များဖြစ်ပေါ်လာပြီး စစ်ချီရတုတွေရေးပုံ၊ ကျေးငှက်ကို စေပုံများ၊ နတ်သျှင်နောင်ကို အပြင်ကလူတစ်ယောက်အနေဖြင့် ကြည့်ရှုရေးသားခဲ့ပုံများကို တွေ့နိုင်ပါ၏။

ကိုစောညိန်းကျတော့ နတ်သျှင်နောင်၏ ရင်တွင်းသို့ ပူးကပ်ဝင်ရောက်ပြီး နတ်သျှင်နောင်၏ အတွေးအမြင် ခံစားချက်များဖြင့် 'စိန်ခြူးအုံကြွကြာညောင်သဉ္ဇာ ပန်းကြဲတဲ့ ဖဲစက်ရာမှာ မယ့်ကိုယ်စား မွေးမြလေသလား ထင်မြင်ယောင်တွေးမိမှားကာ သည်းအူမှာ ကြွေအောင်ဖန်လာ သက်လျာဓာတုရဲ့ မြင်လှည့်ပါ' ဟု တမ်းတမ်းတတ ဖွဲ့နွဲ့ပြပုံများကို တွေ့ခဲ့ရပါ၏။

ဆရာမြို့မငြိမ်းနှင့် ဂီတနက်သန်ကိုစောညိန်းတို့ကို တကယ်ထူးခြားသော ပါရမီရှင်ကြီးများအဖြစ် ကျွန်တော်မြင်မိပါ၏။ နှစ်ဦးစလုံး၏ဘဝကို လေ့လာကြည့်သောအခါတွင်လည်း ထူးထူးခြားခြား တူညီနေသည်များကို တွေ့ခဲ့ရပါ၏။

ဆိုကြပါစို့၊ မွေးသက္ကရာဇ်။

ဆရာမြို့မငြိမ်းကို ၁၂၇၀ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့တွင် မွေးဖွားခဲ့သည်။ ကိုစောညိန်းကိုတော့ ၁၂၈၆ ခုနှစ်၊ နှောင်းတန်ခူး

mgyoe.com

mgyoe.com


လဆန်း ၈ ရက်၊ အင်္ဂါနေ့တွင် မွေးဖွားခဲ့ရာ နှစ်ဦးစလုံးမှာ ပူပြင်းသော နွေရာသီ၌ မွေးဖွားခဲ့ကြသူတွေချည်းဖြစ်ကာ တနင်္လာ၊ အင်္ဂါရှေ့ဆင့် နောက်ဆင့် မွေးဖွားခဲ့ကြသော လဆန်းသားများလည်း ဖြစ်ကြလေ၏။ အသက်ကား ၁၆ နှစ် ကွာခြားသည်။

ဆရာမြို့မငြိမ်း ၁၉၅၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့တွင် မော်တော်ကားတိုက်ခံရ၍ ကွယ်လွန်ခဲ့ပြီး၊ ဂီတနက်သန်ကိုစောညိန်းက ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်နေ့တွင် (၂၉ ရက်ညက) လူမှားပြီး အရိုက်ခံရ၍ ကွယ်လွန်ခဲ့ခြင်းဖြစ်ရာ သူတို့နှစ်ဦးစလုံး အထိအခိုက် ဒဏ်ရာများဖြင့် သေဆုံးရပုံခြင်းမှာလည်း တူညီလှသည်။ ဆရာမြို့မငြိမ်းက ကိုစောညိန်းနောက် သုံးနှစ်ကြာမှ ကွယ်လွန်ခဲ့၏။ ကိုစောညိန်းသေတော့ အသက် ၂၇ နှစ်သာ ရှိသေး၏။ (၂၆ နှစ်နှင့် ၇ လ အတိဟု ဆိုသည်)

သူတို့နှစ်ဦး၏ နောက်ဆုံးရေးသွားသော တေးသီချင်းများကိုလည်း ကြည့်ပါဦး။ ဆရာမြို့မငြိမ်းက 'တိမ်လွှာမို့မို့လွင်'၊ ဂီတနက်သန်ကိုစောညိန်းက 'မိုးသက်လေနှင်'။

နွေမှာမွေး၍ ဆောင်းမှာ ကွယ်လွန်ခဲ့ကြသူများက မိုးသီချင်းကို နောက်ဆုံးရေးသွားကြသည်မှာ ရင်နင့်ဖွယ်ဖြစ်ရပါပေ၏။

ဆရာမြို့မငြိမ်းက တိမ်လွှာမို့မို့လွင်သီချင်းမှာ 'လေပြည်လေးတွေ သွေးကာ တရွေ့ရွေ့ယူငင်၊ ညိုးလှောင်ကာ ပြုံးဝင့်မို့ မိုးပစ္စုန်ရှင်' ဟူ၍ မိုးတွေလာပုံကို ဖွဲ့သလို ဂီတနက်သန်ကိုစောညိန်းက မိုးသက်လေနှင်သီချင်းမှာ 'မှိုင်းမှိုင်းရိပ်မှောင် စွန်တောင်မင် ပြိုမှာလေလား မိုးရဲ့ စိုးအောင်ခုပင်' ဟူ၍ မိုးအလာကို ခပ်ရွှဲ့ရွှဲ့ဖွဲ့ဆိုခဲ့သည်။

'သဲသဲမဲမဲ ရွာလိုက်မယ်ပဲ ဟန်တွေဆင်' ဟု မြို့မငြိမ်းက ရေးသလို 'ဗျူဟာဆင် မိုးလုံးပြည့် တရွေ့ရွေ့ယူဆဲတွင်' ဟု ကိုစောညိန်းက ဖွဲ့သည်။ နောက်ဆုံးနှစ်ဦးစလုံး ခိုကိုးရာရှာကြပုံများကို အောက်ပါအတိုင်း ဖွဲ့ဆိုကြလေသည်။

mgyoe.com

mgyoe.com


မြို့မငြိမ်းက 'တမ်းတယောင် မှန်းဆမြင်၊ နွမ်းလျအောင် လွမ်းရအင်၊ မြင်လှည့်ချစ်သူရယ်ရှင်'

ကိုစောညိန်းက 'ဘယ်ရွှေ့ဝင့်ကြွေးတို့တင် ချေပြီထင်ငဲ့ ခိုမှီရာမဲ့ ရှုလှည့်မြင်လှည့်စေချင် ချစ်တဲ့သူရဲ့ ရင်ခွင်' ဟူ၍ မှီခိုရာတွင် တမ်းတမ်းတတ ရှာဖွေပုံကို ရေးဖွဲ့ခဲ့ကြလေသည်။

မိုးသီချင်းပေါင်းများစွာကို ကျွန်တော် ကြားဖူးခဲ့ပါသည်။ သီချင်းကြီးတွေထဲက မိုး၊ ဆရာရွှေပြည်အေးဖွဲ့သည် မိုးတွေကိုလည်း နှစ်သက်ပါသည်။ မြတ်နိုးပါသည်။ သို့သော် ကျွန်တော်ချစ်သောငြိမ်းနှင့် ချစ်လှစွာသော ညိန်းတို့ မကွယ်လွန်မီလေးမှာ ရေးသားခဲ့သော မိုးနှစ်မိုးကတော့ ရင်ထဲအသည်းထဲ နှလုံးသားထဲသို့တိုင် ရွှဲရွှဲစိုအောင် ရွာသွန်းလိုက်သည့် မိုးများအဖြစ် စွဲမှတ်လျက် ရှိပါတော့သတည်း။

မှတ်ချက်။ ။လူထုဒေါ်အမာ၏ *ပြည်သူချစ်သော အနုပညာသည်များ* စာအုပ်တွင် ဆရာမြို့မငြိမ်း၏ မွေးသက္ကရာဇ်ကို ၁၂၇၀ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်၊ တနင်္လာနေ့ဟု ဖော်ပြပါသည်။ ဤဆောင်းပါးတွင် ရေးခဲ့သော မြို့မငြိမ်း၏ မွေးသက္ကရာဇ် ၁၂၇၀ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ တနင်္လာနေ့ ဖြစ်ပါသည်။ ၎င်းမွေးသက္ကရာဇ်မှာ မြန်မာ့စွယ်စုံကျမ်း အတွဲ ၃၊ စာမျက်နှာ ၂၄၈–၉ မှ မှီငြမ်းထားခြင်းဖြစ်ပါသည်။ (မည်သူက မှန်သည်ကို နှစ်တစ်ရာပြက္ခဒိန်နှင့် တိုက်ကြည့်လျှင် သိနိုင်ပါသည်။)

ဆရာမြို့မငြိမ်းသည် သူ့အမည်သူ 'ငြိမ်း' ဟု မရေးဘဲ 'ညိန်း' ဟု ရေးကြောင်း လူထုဒေါ်အမာ၏ ပြည်သူချစ်သော အနုပညာသည်များ စာအုပ်တွင် တွေ့ရှိခဲ့ရပါသည်။

[အလင်းတန်းဂျာနယ်။ ။ အောက်တိုဘာလ၊ ၁၉၉၉]

□

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# လုလင်ရင်ထဲက ပွင့်ဦး

ငယ်စဉ်ကအကြောင်းတွေကို ပြန်တွေးမိလိုက်တိုင်း ကိုအေးမောင်၏ ပုံလွှာရိပ်ကို မကြာ မကြာ မြင်ရလေ့ရှိ၏။ ကျွန်တော့်ငယ်ဘဝ အစိတ်အပိုင်း တော်တော်များများတွင် ကိုအေးမောင်သည် အထိန်းတော်ကြီးအသွင်ဖြင့် လည်းကောင်း၊ ဆရာသမားကြီး အသွင်ဖြင့်လည်းကောင်း၊ အစ်ကိုကြီးတစ် ဦးအသွင်ဖြင့်လည်းကောင်း၊ အသွင်အမျိုးမျိုးဖန်ဆင်းကာ ပါဝင်ခဲ့သူဖြစ်ပါ သည်။

ကိုအေးမောင်ကို အကြီးအကျယ်စာဖွဲ့ရန် အကြောင်းမရှိသော်လည်း ကိုအေးမောင်ကြောင့် လေးစားစွာစာဖွဲ့ရန် ကောင်းလှသူတွေအကြောင်း ငယ် စဉ်ကတည်းက ရင်ထဲမှာ ကိန်းအောင်းနေခဲ့သည်မှာ ကြာချေပြီ။

လေးစားစွာ စာဖွဲ့ထိုက်သူများအကြောင်း မစမီ ကိုအေးမောင် အကြောင်း ပြောပြလိုပါ၏။ သူ့ရုပ်ကိုမြင်လျှင် အဆိုတော် မောင်မောင်ကြီး ၏ အကျည်းတန်ချစ်သူတေးသီချင်းကို ချက်ချင်း သတိရသွားလောက် အောင် နုံချာသော ရုပ်ရည်ပိုင်ရှင်ဖြစ်ကာ ကြမ်းတမ်းသောမျက်နှာပြင်ပေါ်၌

mgyoe.com

mgyoe.com


ကျောက်ပေါက်ရာ ထူလပျစ်တို့က နေရာယူထားကြလေသည်။ သွားမခေါ သော်လည်း ရယ်မောလိုက်သည့်အခါတိုင်း သူ့သွားတက်ကြီးနှစ်ချောင်းက ရာမလက္ခဏာဇာတ်ထဲက ဒဿဂီရိကို သတိရစေပါ၏။ သူ့ဆံပင်လောက် ထူထဲမာကျောပြီး ထိုးထိုးထောင်ထောင်ရှိသော ဆံပင်မျိုးကို ဘယ်လူစားမျိုး ခေါင်းပေါ်မှာမှ မတွေ့ရ။ ကုန်စုံဆိုင်က ကြမ်းတိုက်သည့် သံဘရုပ်နှင့် နင်လား ငါလား အပြိုင်အဆိုင် ထိုးထိုးထောင်ထောင် ရှိလှသည်။

ခန္ဓာကိုယ်က တုတ်ခိုင်ပြီး အပေါ်ကို မားမားမတ် ထွက်ရမည့်အစား ဘေးဘက်သို့ ပြန့်ကားထွက်နေသောကြောင့် သူ့ပုံစံမှာ ထူးခြားထင်ရှားလှ သည်။ ထို့ကြောင့် အေးမောင် အမည်ပေါင်းများစွာရှိသည့်အနက် ကျန် အေးမောင်တွေသာ ဂျပုအေးမောင်၊ အေးမောင်ပိန်၊ ပေါက်ခေါ်အေးမောင်၊ ကာလီအေးမောင် စသည်ဖြင့် နာမည်ပြောင်များ ရှိကြရသည်။ ကျွန်တော့် အေးမောင်ကတော့ အေးမောင်အစစ် ဖြစ်ခဲ့ရလေ၏။

ကိုအေးမောင်သည် ရုပ်ဆိုးသူတစ်ယောက်ဖြစ်သော်လည်း လူငယ် တွေကို အလှဖန်တီးပေးရသော ဆံသဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားသည်။ ကျွန်တော်တို့ခေတ်က ဆံသဆိုင်နှင့် ယခုခေတ်ဆံသဆိုင် ဘာမှမဆိုင်ပါ။ ဟိုတုန်းက လူငယ်တွေ လက်ဖက်ရည်ဆိုင်ဆိုတာ မထိုင်ကြ။ ဆံသဆိုင်မှာ ထိုင်ကြသည်။ စာဖတ်သည်။ ဘင်ဂျိုတီးသည်။ သွားသမျှလာသမျှ ကောင်မလေးမှန်သမျှ ဆံသဆိုင်အတွင်းမှ ပုစ္ဆန်မျက်လုံးဖြစ်အောင် ရှုစား တော်မူကြသည်။

သည်လူပျိုတွေထဲမှာ ကျွန်တော်က အငယ်ဆုံး အခိုင်းခံရဆုံးဖြစ် သည်။ ကျွန်ခေတ်မှာ မွေးလာခဲ့ရသဖြင့် ကျွန်စိတ်များ ပေါက်နေသလား အောက်မေ့ယူရလောက်အောင် ဘယ်သူခိုင်းခိုင်း ထ၍ လုပ်ကိုင်ပေးတတ် ပါသည်။ ဒါတွေကြောင့်လည်း ကိုအေးမောင်က ကျွန်တော့်ကို ခင်ခင်မင်မင် ရှိခဲ့ရုံမျှမက သူဆည်းပူးလေ့လာထားသော လူပျိုတို့ တတ်မြောက်သော ပညာရပ်မှန်သမျှ ဆရာစားမချန် သင်ကြားပေးတတ်ပြန်ပါသည်။

mgyoe.com

mgyoe.com



ကျွန်တော်ကလည်း ဘယ်လောက်များ ဆရာကောင်းတပည့် ပီသလိုက်ပါသလဲဆိုမှ တော်ရုံတန်ရုံ တစ်မတ်တန် ကလေးဆံပင်များကိုပင် မေတ္တာဖြင့် ကူညီဆံသပေးနိုင်သူ ဖြစ်လာခဲ့ရပါ၏။

ရည်းစားစာပေးနည်း၊ ရည်းစားစကားပြောနည်း အစရှိသည်တို့ကိုလည်း အခါအားလျော်စွာ သင်ကြားပို့ချပေးလေ့ရှိရာ ဆရာကောင်းတပည့်ပီသစွာ တစ်ယောက်မှ မစွံသောကြောင့် ဆံသဆိုင်မှာ ကျွန်တော်နှင့် ကိုအေးမောင် သောင်တင်၍ ကျန်ရစ်ခဲ့ကြပါသည်။ ကျန်လူပျိုတွေမှာ သီးကြ၊ ပွင့်ကြ၊ အိမ်ထောင်ကျသူကျ၊ အချုပ်ကျသူ ကျ။

ဆံသဆိုင်သို့ရောက်စကတည်းက ကျွန်တော် သဘောအကျဆုံး အရာမှာ ဂီတတူရိယာပစ္စည်းများ ဖြစ်ပါသည်။ အလုပ်အား၍ ကိုအေးမောင်တစ်ယောက် ဘင်ဂျိုကြီး တဂွမ်ဂွမ်တီးပြီဆိုလျှင် ကျွန်တော့်မှာ နားထောင်၍ ကောင်းလွန်းလှပါသည်။ တစ်ခါတစ်ခါ ကိုယ်တိုင်ပင် ဟဲကြည့်၏။ ဘေးဆိုင်နီးနားချင်း ကိုပိုက်က သူ့သံဖြူခွက်များကို တတိန်တိန် တခွမ်ခွမ်နေအောင် ထုရိုက်ပြီး ဩဘာပေးလေသည်။ သီချင်းတော်တော်များများ တီးပြီး၍ ငြီးငွေ့သွားလောက်ပြီဆိုလျှင် ကိုအေးမောင်သည် မယ်ဒလင်ဖြင့် သီချင်းတစ်ပုဒ်ကို စိတ်ပါလက်ပါ ဆိုတီးတီးလေသည်။ ထိုသီချင်းကို ကိုအေးမောင် တီးဆိုနေချိန် ဆံပင်ညှပ်ရန်ရောက်ရှိလာသူက ဆံပင်ညှပ်ရန်မေ့ပြီး ထိုင်နားထောင်နေတတ်သလို တစ်ဖက်က သံဖြူဆရာ ကိုပိုက်တောင် အလုပ်ရပ်ထားကာ အဝေးကြီးကို ငေးနေတတ်လေသည်။

သေသေချာချာကြည့်လျှင်တော့ ကျောက်ပေါက်မ ထူလပျစ်ဆံပင်တွေ ဖြူဆူးလိုထောင်နေပြီး လွန်စွာ ရုပ်ဆိုးသော လူတစ်ယောက်သည် ရင်ခွင်ထဲမှ သနားစရာ မယ်ဒလင်လေးကို ဖျက်ချိုးနေသလားဟုပင် အောက်မေ့စရာဖြစ်ပါသည်။ ဘယ်လိုမှ အနုပညာမဆန်၊ ဘယ်နည်းနှင့်မျှ ချိုသော ဂီတ ထွက်လာစရာမရှိ။

ကျွန်တော့်ကိုတောင် ထိန်ဝှက်ထားပြီး ကိုအေးမောင် ကြိတ်ပိုးပိုးနေ

mgyoe.com

mgyoe.com


သော မျက်နှာချင်းဆိုင် အထည်ဆိုင်မှ အပျိုကြီးမကျင်စိက မုံရွာစောင်ကလေး ကို လက်ဖြင့်ပင့်၍ ကျွန်တော်တို့ဘက်သို့ မျှော်ကြည့်နေသည်။ ကိုအေးမောင် သည် ဘာကိုမှ သတိမထား။ သီချင်းထဲတွင် အာရုံရောက်နေဟန်တူသည်။

'အသည်းလှာမြေဝယ်... အမြစ်ဖြာယှက်သွယ်၊ အချစ်ညှာ ခက်ခါ နွယ်... မာလာပင်နန်း... ချစ်ပန်းပွင့်ဦးစအရွယ်... ချူတော်မူလာနိုး... မျှော်ကိုး ကာ... ပူဇျာပါကြွယ်... ရည်ရွယ်ညွတ်ပြောင်း... ကြာလေညှာကြွေ ညှောင်း မှုရယ် အရိုင်းစံပယ်မို့ပစ်ပယ်... ပန်တော်မဝင်တယ်... ငွေသဇင် ကြူမွေး... သူရွေးပြီထင်အားငယ်... တွက်ရေသော် ရက်တွေခြား... စောင့်စားရင်းမြေ မှာ...ကြွေကြွေကာ နွမ်းလေပြီကွယ်... ငွေချပ်လာဆွေး... မာလာမွေးရနံ့ပြယ်...'

ကိုအေးမောင်သည် သူ့ကိုယ်သူ ဆံသဆိုင်ထဲမှာထိုင်၍ မယ်ဒလင် တီး သီချင်းဆိုနေခြင်းကို မေ့နေဟန်တူ၏။ တေးသံ အတက်အကျ အနိမ့် အမြင့် အတိုးအကျယ် ဖြစ်ပေါ်နေမှု လှိုင်းကိုစီးရင်း ချစ်ပန်းပွင့်ဦးနောက် ကို ပြေးလိုက်နေပုံရသည်။ သူ့မယ်ဒလင်သံနှင့် အဆိုဟန်တို့ကို ငေးမျှော် ကြည့်နေမိသော ကျွန်တော့်ရင်ထဲတွင် တလှပ်လှပ် ခုန်နေမိ၏။ ထိုးထိုး ထောင်ထောင် ဆံပင်ကြမ်းကြီးတွေလည်း မရှိတော့။ ကျောက်ပေါက်မကြီး တွေလည်း ကွယ်ပျောက်သွားပြီ။ လုလင်ငယ်လေး၏အသံ၊ လုလင်ငယ်လေး ၏ နွမ်းလျရင်ခုန်သံတွေကို ကျွန်တော် ကြားသိနေရသည်။ အံ့သြစရာ ကောင်းလှပါ၏။

သီချင်းအစ 'အသည်းလှာမြေဝယ် အမြစ်ဖြာယှက်သွယ် အချစ်ညှာ ခက်ခါနွယ်...'အသံအေး အသံငြိမ်ကလေးဖြင့် အမှျင်မပြတ်ကလေး ဆိုလိုက် ပြီး 'မာလာပင်နန်း... ချစ်ပန်းပွင့်ဦးစအရွယ်'တွင် မသိမသာ ကြေကြေကွဲကွဲ ဖြင့် အသံကို အနည်းငယ် မြှင့်ဆိုလိုက်သည်။ အသံကြားသူအားလုံးက ကိုအေးမောင်ဆီသို့ အာရုံစတင် ပြုမိလိုက်ကြပြီ။

'ချူတော်မူလာနိုး... မျှော်ကိုးကာ ပူဇျာပါကြွယ်... ရည်ရွယ်... သွယ် ညွတ်ပြောင်း... ကြာလေညှာကြွေ ညှောင်းမှုရယ်...'

mgyoe.com

mgyoe.com


အသည်းငယ် ရင်ခုန်တတ်သော လုလင်ပျိုလေးတစ်ဦး ရင်ထဲတွင် တင်းလွှန်းကျပ်လွှန်း၍ ပွင့်ထွက်လာသော ညည်းညူသံမျိုးဖြင့် ဆိုနေရာမှ…

'အရိုင်းစံပယ်မို့ပစ်ပယ်… ပန်တော်မဝင်တယ်… ငွေသဇင်ကြူမွှေးကို သူရွေးပြီထင်အားတယ်…' ကြေကြေကွဲကွဲ အသံတင်၍ ဟစ်လိုက်ပြန်သည်။ ကိုအေးမောင်၏ ပင်ကိုဆိုးဝါးသော ရုပ်ကြီးကား လုံးဝမရှိတော့။ ဟိုဘက်ဆိုင်က ကိုပိုက်၏ဇနီး မရွှေညွှန့်ရင်ခွင်ထဲက ကလေး အဲ့ခနဲ အသံထွက်မလာအောင် နို့မပြတ်တိုက်ပေးနေသည်။ အပျိုကြီးမကျင်စီ ငိုင်နေ၏။

'တွက်ရေသော် ရက်တွေခြား… စောင့်စားရင်းမြေမှာ… ကြွေကြေကာ နွမ်းလေပြီကွယ် ငွေချပ်လွှာဆွေး… မာလာမွှေးရနံ့ပြယ်…' အသံက သက်လိုက် တက်လိုက်နှင့် ခံစားချက်နှင့် စကားလုံး ညီညွတ်အောင် စီစဉ်ထားသောကြောင့် သူ့အသံကို နားထောင်ရင်း အရိုင်းစံပယ်လေးနှင့်အတူ မြေပေါ်သို့ တငြိမ့်ငြိမ့် ကြွေသွားသလိုလို၊ တလိမ့်လိမ့် မြေမှာလူးသွားသလိုလို ခံစားလိုက်ရပြန်သည်။ ဂီတသံက ကျွန်တော်၏ ရင်ထဲမှ ခံစားချက်များကို အပေါ်မှ အောက်သို့ ဆွဲငင်ခေါ်ဆောင်သွားပြန်ချေပြီ။

'စံပယ်ဖြူတုန်းကာမှ… ခင်ဖုန်းသက်ဝေရယ်၊ ဘယ်စိတ်လယ်လို့ ပေါ်လာပြန်တယ်… လျှောင်တာလေလားနော်ကွယ်… ဖန်လာပုံခုမှ ဆန်းကြွယ်'

စောစောက မြေပြင်ဆီသို့ ကျရောက်သွားသော ခံစားစိတ်ကလေးကို အပေါ်သို့ ရုတ်တရက် ဆွဲတင်လိုက်ပြန်၏။ လေထဲတွင် ရပ်တန့်ပြီး ခံစားမှု စိတ်ကလေး တုန်ခါနေသည်။ လျှောင်တာလေလားနော်ကွယ် ဆိုသော အဆို ပိုဒ်တွင် တကယ့်ကို ရင်ထဲမှာ ခါလာသည်။

'အချစ်ဖြင့် ဆိတ်သုဉ်း၊ ဆုံးရှုံးခြောက်ခန်း၊ လောင်ကျွမ်းခဲ့ရ မောင့်ဘဝ အစဉ်ဝယ် ဆက်သွယ်သန္တတိ၊ မမြဲသော ရုပ်နာမ် ပြောင်းလဲသည့်နယ်၊ ဖြစ်ပြန်ပျက်ပြန် အချစ်မှန်တရားရယ်… မှုလွှန်းခဲ့သူရယ်… ပွင့်ဦးကြွေမှဖြင့် ကွယ်… မပန်စေချင်ရက်တော့တယ်'

mgyoe.com

mgyoe.com


လေထဲတွင် ဆွဲငင်ချိတ်ဆိုင်းမထားပါဘဲ ရပ်တည်၍ တုန်ခါနေသည့် ခံစားချက်ကလေးသည် အောက်အရပ်သို့ အမျှင်မပြတ် ဆင်းနေသည်။ သံဝေဂရစရာ၊ ဝမ်းနည်းကြေကွဲစရာ၊ နှမြောတသစရာများကို ကြားနေရသည်။

သီချင်းဆုံးသွားသည့်တိုင် စီးဝင်နစ်မြောနေမိကြသူများ လှုပ်လှုပ်ရှားရှားမရှိ၊ ငြိမ်သက်နေကြ၏။ လုလင်ငယ်တစ်ဦး၏ ရင်ထဲက ပွင့်ဦးလေးကို လိုက်လံရှာဖွေနေမိကြသည်။ ဘယ်ကို ကြွေသွားပါသနည်း။ ဘယ်လိုလေနှင်ရာ ရောက်သွားပါသနည်း စသည်တွေးရင်း ငိုင်နေကြသည်။

အတန်ကြာမှ 'ကောင်းလိုက်တဲ့ သီချင်းကွာ' ဟု ပြောသံ ကိုပိုက်ထံမှ ကြားရသည်။ နောက်တော့ ဒီလောက်တောင် ချစ်တတ်လွန်းတဲ့ အသည်းကဲကွာ၊ ကဲကွာ ဟူ၍များ ကြိမ်းဝါးကာ ထုနှက်လိုက်သလားမသိ။ သံဖြူတွေကို သံပြားဖြင့်ရိုက်သံ တခွမ်းခွမ်း ထွက်ပေါ်လာသည်။

အပျိုကြီး မကျင်စိက ရီဝေသော မျက်လုံးများဖြင့် ကိုအေးမောင်ကို ငေးကြည့်နေ၏။

ကျွန်တော်သည် ပွင့်ဦးဆိုသော သီချင်းလေးကို စ၍ ကြားကတည်းက စွဲစွဲမက်မက် ပြင်းပြင်းပြပြ ခံစားခဲ့ရဖူးလေပြီ။ သည်သီချင်းထဲက ငွေသဇင်ကြိုမွှေးကို ရွေးသွားတတ်သူလေးနှင့် မဆုံရပါစေနှင့်ဟု ထိုကတည်းက ဆုတောင်းမိခဲ့ဖူးပါ၏။ တကယ်တော့ သည်ပွင့်ဦးဆိုသော သီချင်းလေးကို ကျွန်တော်တို့လို ဂီတပညာကို မတတ်ကျွမ်းသူများသာ ကြိုက်နှစ်သက်ခဲ့ဖူးသည်မဟုတ်။

ပွင့်ဦးသီချင်းကို ဂီတနက်သန်အဖွဲ့မှနေ၍ အသံလွှင့်သောအခါ ညွှန်ကြားရေးဝန် ဦးခင်ဇော်က ဓာတ်ပြားကူးယူထားရန် တယ်လီဖုန်းဖြင့် လှမ်း၍ အမိန့်ပေးသည့်ပြင် ဓာတ်ပြားကူးယူပြီးသောအခါ ဓာတ်ပြားလေဘယ်(ကတ်ပြား)ပေါ်တွင် 'ဤသီချင်းသည် အနုပညာရသအမြောက်ဆုံးသော ခံစားမှုတေးတစ်ပုဒ်ဖြစ်သည်' ဟု ဦးခင်ဇော်ကိုယ်တိုင် အင်္ဂလိပ်လိုရေး၍

mgyoe.com

mgyoe.com


လက်မှတ်ထိုးထားသည်ဟူ၍ ဆရာနန်းညွန့်ဆွေက ဖော်ပြရေးသားခဲ့ဖူးပါသည်။

အထီးကျန်ဆန်သော၊ အားငယ်တတ်သော၊ စိတ်ပျက်နွမ်းလျသော ခံစားချက်တို့ဖြင့် ပြွမ်းတီးနေသည့် ဤအနုပညာခံစားချက်တို့ကို ဖန်တီးခဲ့သော ရန်ကုန်မြို့၊ ကြည့်မြင်တိုင် ပိတောက်တန်းက ထူးခြားလွန်းလှစွာသော ဂီတပညာရှင်တစ်ဦးအကြောင်း ကျွန်တော် ဆက်ရေးချင်ပါသေးသည်။

သူ ကွယ်လွန်ခဲ့သည်မှာ ကြာပါပြီ။ ၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်နေ့ညက ဖြစ်ပါသည်။

ကွန်လွန်ပြီးခဲ့လေသူ ထူးချွန်သော မြန်မာဂီတပညာရှင်ကတော့...။

[ပေါ်ပြူလာ။ ။ ဒီဇင်ဘာ၊ ၁၉၉၈]

❐

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com

# အသည်းထဲ စွဲနေခဲ့ပေါ့သစ္စာ

ထိုစဉ်က မန္တလေးတက္ကသိုလ်တွင် အမျိုးသမီးဆောင်ဆိုလို့ နှစ်ဆောင်ပဲ ရှိသည်။ တစ်ဆောင်က ရွှေမန်း၊ တစ်ဆောင်က သစ္စာ။

ရွှေမန်းဆိုတာကတော့ မန္တလေးကို အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်ကြောင်း သိလွယ်သော်လည်း သစ္စာဆောင်ကိုတော့ ဘာကြောင့် သစ္စာဟူ၍ အမည်ပေးပါလိမ့်။ နာမည်ပေးခဲ့သူတို့သာ အဓိပ္ပာယ်ကို သိလိမ့်မည်။ မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ သစ္စာအမျိုးသမီးဆောင်ကို မကြာမကြာ အမှတ်ရမိနေတတ်ပါသည်။ သစ္စာအဆောင်ရှေ့တွင် ကျွန်တော်တို့တစ်တွေ သစ္စာတေးသီချင်းကို အခေါက်ပေါင်းများစွာ အော်ဟစ်သီဆိုဖူးခဲ့ကြသောကြောင့်ပါတည်း။

ထိုစဉ်က သည်ဘက်မှာ အမျိုးသားဆောင်ဆိုလို့ ရတနာပုံ၊ အောင်မင်္ဂလာ၊ ရွှေပြည်အေးတို့သာ ရှိသေး၏။ ကျွန်တော်တို့က အောင်မင်္ဂလာအဆောင် ကျောင်းသားများပါတည်း။ ဘသောင်းအေးက တယောထိုး၍ ကျွန်တော်က မယ်ဒလင်တီးသည်။ မင်းကိုက သီးချင်းဆိုသည်။ သီချင်းဆို

mgyoe.com

mgyoe.com


ကြသည့် ညတိုင်း အခြားတေးသီချင်းများသာ ပြောင်းလဲချင် ပြောင်းလဲသွားကြမည်၊ သစ္စာတေးသီချင်းကတော့ အပြောင်းအလဲမရှိ။ ပြန်ခါနီး အကောင်းဆုံး အပိတ်သီချင်းအဖြစ် သီဆိုခဲ့ကြသည်။ သစ္စာဆောင်တွင် သစ္စာသီချင်းက ပွဲတင်ထပ် ကျန်ရစ်ခဲ့သည်ချည်းသာတည်း။

သစ္စာသီချင်း၌ ပါဝင်သော အကြောင်းအရာများမှာ 'ငယ်စဉ်ကတည်းက ခွဲနေခဲ့ရသော သစ္စာခင်ကလေးကို ရေမြေဆုံးသည့်တိုင်အောင် မမောတမ်း၊ မပန်းတမ်း မညည်းမညူ ရှာဖွေနေပါကြောင်း' အဓိပ္ပာယ်ရှိလေရာ သစ္စာအဆောင်ရှေ့မှာ ဤသီချင်းကို သီဆို၍ အဆောင်သူမိန်းကလေးများကို ရည်ရွယ်ရသည်မှာ လွန်စွာ ကျေနပ်စရာ ဖြစ်ခဲ့ရပါသည်။

ဘသောင်းအေးအကြိုက် (ရုပ်ရှင်မင်းသမီး ခင်သန်းနုနှင့်တူသော်လည်း အသားမည်းသောကြောင့်) ဘလက်ကီခင်သန်းနုဟူ၍ နာမည်ပေးထားသော ရေနံချောင်းက ဝင်းဝင်းသောင်းသည်လည်းကောင်း၊ (ရုပ်ရှင်မင်းသမီး ဝါဝါဝင်းရွှေနှင့်တူသော်လည်း မျက်စိလေး စွေနေရှာသော) ဝါဝါဝင်းစွေဆိုသည့် ကျွန်တော့်အကြိုက် ကျောက်ဆည်သူ ခင်မေသက်သည်လည်းကောင်း သီချင်းထဲက သစ္စာခင်ဖြစ်နိုင်ခွင့် ရှိကြပါလေ၏။ ပြင်ဦးလွင်က အီစွတ်အတွက် ဘေဘီမာသည် သစ္စာခင်ဖြစ်နိုင်သလို မြင်းခြံက မောင်စိန့်အတွက်လည်း ကျင်ကျင်သည် သစ္စာခင်ဖြစ်ခွင့် ရှိပါ၏။

ကျွန်တော်တို့ သီချင်းဆိုရာနောက်သို့ ပါလာသူတိုင်းသည် သစ္စာဆောင်မှ မိမိနှင့်သက်ဆိုင်သူကို သစ္စာခင်တံဆိပ်ကပ်နိုင်သူချည်းသာ ဖြစ်သောကြောင့် သစ္စာသည် သီဆိုသောသူ သဘောကျသလို နားဆင်သူအတွက်လည်း ကျေနပ်ဖွယ်ရာ သီချင်းတစ်ပုဒ်ဖြစ်သည်သာ။

မှတ်မှတ်ရရ ထိုညက အရှေ့ဘက် ရှမ်းရိုးမကြီးဆီက တောမီးတွေလောင်နေစဉ်အချိန်ကာလ ဖြစ်ပါ၏။ စာမေးပွဲနီးကပ်နေသည့် သင်္ကြန်တ ရှမ်းရိုးမတောတွေက မီးနီပြပြီး အပျော်အပါး တားဆီးလင့်ကစား မင်းကို တစ်ယောက် မငြိမ်မသက်ဖြစ်နေသောကြောင့် ကျွန်တော်တို့သုံးဦး သစ္စာဆောင်သို့ ထွက်လာခဲ့ကြသည်။

mgyoe.com

mgyoe.com


'စာမေးပွဲက နီးနေပြီ၊ ငါတို့ကတော့ အင်မတန် ဉာဏ်ထက်မြက်ကြလို့ စာကျက်ဖို့မလိုပေမဲ့ ဘလက်ကီခင်သန်းနုတို့၊ ဝါဝါဝင်းဖွေတို့ကတော့ အလွန်ဉာဏ်နုံနဲ့ကြရှာတယ်၊ သူတို့ဟာသူတို့ ဖျင်းလို့ စာမေးပွဲမဖြေနိုင်တာ သီချင်းလာဆိုတဲ့ ငါတို့ကို တရားခံရှာလိမ့်မယ်။ ကဲ မင်းကို တစ်ပုဒ်ပဲဆို မင်းကြိုက်တဲ့ သီချင်းတစ်ပုဒ်ပဲဆိုကွာ။ ဘာဆိုချင်လဲပြော'

ဘသောင်းအေးက မင်းကိုအား ထိုသို့ ပြောခဲ့၏။ သူ့ဟာသူ စာမကျက်ရသေးတာ ကြောက်လန့်ပြီး ဘလက်ကီတို့ ဖွေဖွေတို့အား အပြစ်ဖို့ကာ တစ်ပုဒ်ပဲဆိုဖို့ မင်းကိုကို ကန့်သတ်လေသည်။ မင်းကိုသည် ရှည်ရှည်ဝေးဝေး ဘာမျှမပြောဘဲ သစ္စာဟု ခပ်တိုးတိုးပြော၏။ ကျွန်တော်သည် ငိုင်ငိုင်တိုင်တိုင်ဖြစ်နေသော မင်းကိုအား ကရုဏာသက်စွာကြည့်ပြီး မယ်ဒလင်ဖြင့် လက်ကွက်ခပ်ရှည်ရှည် စမ်းလိုက်သည်။ လောကတစ်ခုလုံး မယ်ဒလင်သံမှတစ်ပါး ငြိမ်သက်နေသယောင်ယောင်ပင်။

အတောအဆုံးတွင် မင်းကို၏အသံ ထွက်ပေါ်လာသည်။ ဘသောင်းအေး၏ တယောသံက မှေးမှေးလေး လိုက်လာသည်။

'ရေမြေဆုံးစေတော့ကွယ်... ခင်ဖုန်းကိုတော့... တွေ့အောင်ရှာမယ်... ရှာတော့မယ်'

တေးသီချင်းအစတွင် ကျွန်တော့် မယ်ဒလင်သံက ဦးဆောင်နေလင့်ကစား မင်းကို၏ ထူးခြားသော ဆွေးဆွေးမြည့်မြည့်အသံကို ကြားမိသည်နှင့် သူ့မျက်နှာကို လှမ်းကြည့်မိပြီး သူ့အသံနောက်မှ ကျွန်တော့်မယ်ဒလင်သံကို ချန်ထားလိုက်သည်။ 'မင်း ကြိုက်သလိုဆိုပါကွာ၊ ငါ မှေးလိုက်ပြီး မင်းဆန္ဒအတိုင်း ဖြစ်စေပါမယ်' ဆိုသည့်သဘော။ မင်းကိုသည် ဘာမှ သတိထားမိဟန်မတူဘဲ သီချင်းကို ဆက်ဆို၏။

'ပြောသံကြားနဲ့ နားဝင်ချို ရင်ဖိုကာရယ်၊ ယနေ့ပင် တွေ့မြင်ချင်ဖော ဝယ်... အာရုံစိတ်စောမိပါတယ်၊ လုလင်ငယ်သွေး ကလေးသာသာအရွယ်၊... ဟိုစဉ်ကပဲ အသည်းစွဲစေခဲ့ပေါ့ကွယ်'

သစ္စာဆောင်နံရံ အဝိုင်းအကွက်တွေကြားက အရိပ်တစ်ခု တရွေ့ရွေ့

mgyoe.com

mgyoe.com


လှုပ်ရှားလာသည်ကို ကျွန်တော် မြင်ရ၏။ မင်းကိုလည်း ကျွန်တော့်နည်းတူ ထိုအရိပ်ကို တွေ့ဟန်တူသည်။ သူ့မျက်နှာက မလင်းတလင်းအရောင်အောက်တွင် ပို၍ အုံ့မှိုင်းသွား၏။

'ဆင်းသွင်ရုပ်ဝါ လက္ခဏာသွယ်သွယ် ဘယ်ပုံမမှန်းခန့်နိုင်ဖွယ်၊ သညာယဉ်ကျေး ရွှေသစ္စာခင်လေးရယ်'

ဘသောင်းအေးသည် တယောကို ခပ်မှေးမှေးထိုးရင်း သစ္စာဆောင်မှ အရိပ်နှင့် မင်းကို၏မျက်နှာကို ဂီတသင်္ကေတသဖွယ် ကြည့်ရှုမှတ်သားနေ၏။ ကျွန်တော့်မျက်နှာကို လှစ်ခနဲကြည့်ပြီး မျက်ခုံးပင့်လိုက်သည်။ ကျွန်တော်က ခေါင်းကို မသိမသာ ယမ်းပြလိုက်သည်။ မင်းကိုကတော့ သစ္စာ၏ အရိပ်မှတစ်ပါး ဘာကိုမှ မြင်ဟန်မတူ။ သီချင်းကိုသာ ဆက်ဆိုနေ၏။

'တရွေ့ရွေ့ဝေးပါလို့ ရေမြေအဏ္ဏဝါ ကမ္ဘာမြေခြားရာဝယ်... ထွက်ပြေးရှောင်ဖယ်... ပြေးရှောင်ဖယ်... မောင့်အပေါ်ဝယ် မူလွန်းနိုင်အားတယ်ကွယ်၊ နာရီတွေနှောင်း၊ ရက်တွေသာညောင်းပါလို့ရယ်၊ လရာသီတွေပြောင်းကာ နှစ်ပေါင်းတွေကြာခဲ့ပေါ့... မဟာကပ်ကမ္ဘာ မြေလွှာပြင်ဝယ်၊ မြူခြေငွေနှင်း ကျကာဆင်းသည့်နှယ်... သက်ာယုံမှားလွဲစွာ မှောင်မည်းအဝိဇ္ဇာ ဖုံးပိတ်ကွယ်... သြော်... တွေ့နိုင်ခဲလှတယ်'

တစ်လောကလုံး မယ်ဒလင်သံ၊ တယောသံနှင့် မင်းကို၏ သစ္စာသီချင်းသံကလွဲ၍ ဘာသံမျှ မကြားရ။ မင်းကိုနှင့် သစ္စာဆောင်မှ အရိပ်ရှင်ကလွဲပြီး ဘာရုပ်ဒြပ်မှ ထင်ထင်ရှားရှား ရှိဟန်မတူတော့။ လျှို့ဝှက်လွန်းခဲ့သော မင်းကို၏ သစ္စာခင်သည် အဆောင်ပေါ်မှ အရိပ်ရှင်မှန်း ကျွန်တော်တို့ ရိပ်စားမိကြလေပြီ။ ထို့အတူ သူတို့နှစ်ဦးကြားမှ ဖုံးကွယ်ထားခဲ့မိသော မပွင့်လာသည့် အချစ်ပန်းသည် သည်ညမှာ မရဲတရဲ ပွင့်လာလေပြီလား။ ပွင့်ပြီးသည်နှင့် တစ်ပြိုင်နက် ကြွေသွားတော့မည်လေလား။

'သစ္စာ သစ္စာခင်ရယ်၊ မေ့ကို ချစ်ခင်လေသမျှ လောကရဲ့ ပရိယာယ်မာယာအသွယ်သွယ် ဆန်းကြယ်စွာ သူလှည့်စား၍ ဇရာကား ဝါးမျိုခဲ့ပြီ

mgyoe.com

mgyoe.com


ကွယ်… နေစိမ့်တဲ့မေရယ်… ကွယ်ပျောက်လို့ ဘယ်ဆီမှာဝေးတယ်… သီတာရေမြေ ဆုံးပါစေတော့… ရှာရတော့မယ် သစ္စာခင်ရယ်… မေ တမင်ပုန်းရက်တာလားကွယ်'

သီချင်းဆုံးသည်နှင့် တစ်ပြိုင်နက် အရိပ်ရှင်သည် မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး ဝင်ပြေးသွားသလို ကျွန်တော်တို့၏ ဓာတ်လိုက်မင်းကို မျက်နှာပြင်တွင် မျက်ရည်တွေ စီးနေသည်ကို အံ့သြဖွယ်ရာ တွေ့ရှိလိုက်ရသည်။ တက္ကသိုလ်တွင် ပျော်ပျော်ပါးပါး အတူနေထိုင်လာခဲ့ကြရာက သည်တစ်ခါ သူငယ်ချင်းတစ်ယောက် ကြေကွဲဝမ်းနည်းစွာ မျက်ရည်ကျသည်ကို စိတ်မကောင်းစရာ တွေ့ရှိလိုက်ရပါသည်။ သစ္စာသီချင်း၏ အစွမ်းကား အလွန်ထက်မြက်လှပေစွ။

လျှို့ဝှက်လွန်းသော၊ အထီးကျန်ဆန်နိုင်လွန်းသော၊ အားငယ်ဖွယ်ကောင်းသော ချစ်ခြင်းမေတ္တာမျိုးကို ပိုင်ဆိုင်ထားသူတို့၏ သောကဒုက္ခကို သစ္စာသီချင်းက ကောင်းစွာ ဖော်ကျူးနိုင်ပါပေ၏။

ပွင့်ဦး၊ သစ္စာ အစရှိသည့် သီချင်းတို့ကို ရေးသားခဲ့သော ဂီတပညာရှင်သည် အဘယ်မျှလောက်များ ပြင်းပြင်းထန်ထန်ခံစား၍ ရေးခဲ့လေသည်မသိ။ သူ၏ တေးသီချင်းများအတွက် အားငယ်စရာ၊ ကြေကွဲစရာ၊ ဝမ်းနည်းစရာတွေ ပြည့်နှက်နေသည်။ သူ။ ဂီတနက်သန် ကိုစောညိန်း။

သူ့သီချင်းတွေကို တုန်လှုပ်စွာ ခံစားမိရာမှ သူ့သီချင်းတွေကိုသာမက သူ့ဘဝကိုပါ ကျွန်တော် စိတ်ဝင်စားခဲ့မိသောကြောင့် သူ့ဘဝအကြောင်း တစေ့တစောင်း လေ့လာမိခဲ့ရပြန်ပါ၏။ ငယ်ငယ်ရွယ်ရွယ် အသက် ၂၇ နှစ်မှာ ကွယ်လွန်သွားခဲ့ရရှာသည့် သူ့ဘဝတစ်လျှောက်လုံး ကြည်နူးဖွယ်သုခများကို တွေ့မှ တွေ့သွားပါလေစ။

သူ့တေးသီချင်းတွေ ကြားလိုက်ရလျှင် ဘဝအမောတွေနှင့် ပြည့်လျှမ်းနေတတ်သည်။ သောကနှင့် အရွယ်တောင် မျှတမှုမရှိခဲ့။

တက္ကသိုလ်ကျောင်းသားဘဝတုန်းက သူ့သစ္စာသီချင်းနှင့် ပတ်သက်ပြီး 'လုလင်ပျိုတစ်ဦးက သူအင်မတန်ချစ်လှသော သစ္စာခင်ဆိုသော လုံမပျို

mgyoe.com

mgyoe.com


ကို မမောနိုင်မပန်းနိုင် မတွေ့တွေ့အောင် ရှာဖွေနေသည်' ဟု အဓိပ္ပာယ်ရခဲ့သော်လည်း ယခုလို အရွယ်ရင့်လာသောအခါမှာတော့ ကိုစောညိန်း၏ သစ္စာကို သမုတိသစ္စာလား၊ ပရမတ္ထသစ္စာလား စဉ်းစားမိလာ၏။

ဗုဒ္ဓဟောကြားတော်မူခဲ့သည့် ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ အစရှိသော သစ္စာလေးပါး မြတ်တရားကို သံသရာအဆက်ဆက် မမောတမ်း မပန်းတမ်း ရှာဖွေနေကြသည့် ပုထုဇဉ်လူသားဘဝကို ရည်ညွှန်းစပ်ဆိုလေသလောဟူ၍ တွေးလာမိ၏။

'လာရာသီ ပြောင်းကာ ပြောင်းကာ နှစ်ပေါင်းတွေကြာခဲ့ပြီပေါ့၊ မဟာကပ်ကမ္ဘာ မြေလွှာပြင်ဝယ်... မြူခြေငွေနှင်း ကျကာဆင်းသည့်နှယ်... သင်္ကာယုံမှားလွဲစွာ မှောင်မည်းအဝိဇ္ဇာ ဖုံးပိတ်ကွယ်... သြော် တွေ့နိုင်ခဲလှတယ်... သစ္စာ... သစ္စာခင်ရယ်... မေ့ကို ချစ်ခင်လေသမျှ လောကရဲ့ပရိယာယ် မာယာအသွယ်သွယ် ဆန်းကြယ်စွာ သူလှည့်စား၍ ဇရာကား ဝါးမျိုခဲ့ပြီကွယ်... နေစိမ့်တဲ့မေရယ်... ကွယ်ပျောက်လို့ ဘယ်ဆီမှာ ဝေးတယ်... သီတာရေမြေဆုံးပါစေတော့ ရှာရတော့မယ်... သစ္စာခင်ရယ် မေ တမင်ပုန်းရက်တာလားကွယ်...'

အထက်ပါ သီချင်းတစ်ပိုဒ်ကို နားထောင်၍ အသေအချာ စဉ်းစားစေချင်ပါ၏။

ဂီတနက်သန်ကိုစောညိန်း၏ သစ္စာသီချင်းသည် မိန်းမပျိုတစ်ဦးအား ရှာဖွေရုံသက်သက် စပ်ဆိုသော သီချင်းမဟုတ်မူဘဲ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏ၊ ဝဋ္ဋဒုက္ခတို့မှ လွတ်မြောက်စေရာ သစ္စာတရားကို ရှာဖွေသွားခြင်းကို ရည်ညွှန်းစပ်ဆိုလိုက်ပုံရကြောင်း အသက်ကြီးလာမှ ခံစားမှုတစ်မျိုးပြောင်းရလေသည်။

ကိုစောညိန်းသာ အသက်ထင်ရှားရှိနေဦးမည်ဆိုလျှင် သစ္စာသီချင်း၏ အဓိပ္ပာယ်ကို ကျွန်တော် မေးမြန်းလိုက်ချင်ပါ၏။ ခရစ်နှစ် ၂၀၀၀ မတ်လ၏ နောက်ဆုံးရက်တွင် အသက် ၇၅ နှစ် ပြည့်တော့မည်ဖြစ်သော ဘဘဦးစောညိန်းသည် သစ္စာ၏ အဓိပ္ပာယ်ကို အကျယ်ဖွင့်ပြီး တေဘုမ္မာလို သီချင်း

mgyoe.com

mgyoe.com



မျိုးတစ်ပုဒ် ရေးနိုင်ဦးမည်ဟု ကျွန်တော်ထင်ပါ၏။

ဒုက္ခသစ္စာကို အရွယ်နှင့်မမျှအောင် သိရှိခံစားသွားရရှာသော ဂီတနက်သန်ကိုစောညိန်းကိုတော့ ကျွန်တော် သတိရနေဆဲ။

[ပေါ်ပြူလာ။ ။ ဒီဇင်ဘာ၊ ၁၉၉၈]

□

mgyoe.com


mgyoe.com
mgyoe.com

mgyoe.com

# တစ်ပွင့်ထဲ ရင်ထဲကစံပယ်

မောင်စိန်ဝင်း (ပုတီးကုန်း) ၏ သောကခြေရာ ကဗျာလေးနှင့် တူသယောင် ခေါင်းစီးလေးကို ပေးမိပါ၏။

တစ်ပင်တည်း (ထဲ) ရင်ထဲကနွယ်...၊ ခက်ညွန့်သန် နုသစ်လို့... ရစ်ပတ်နှောင်တွယ်...၊ သံယောဇဉ်ဆိုတာရယ် နွယ်ကလေးတစ်ပင်ပေါ့၊ ရာသီတွေ ဘယ်လိုပြောင်းပေမဲ့ ခေါင်းထောင်လို့ကြော့ တဲ့။

ခေါင်းစီးပေး ညှံ့ဖျင်းလှသော ကျွန်တော်သည် မောင်စိန်ဝင်း(ပုတီးကုန်း)၏ တစ်ပင်ထဲ ရင်ထဲကနွယ်ကိုလိုက်၍ တစ်ပွင့်ထဲ ရင်ထဲကစံပယ်ဟု မှီးကာ ခိုးမချရုံတမယ် ဆင်တူယိုးမှား ခေါင်းစီးတပ်လိုက်ရပါ၏။ မောင်စိန်ဝင်းနှင့်တကွ စာချစ်သူအပေါင်းက ခွင့်လွှတ်ကြပါကုန်။

သည်ခေါင်းစီးနာမည်ကို အခြားပုံစံပြောင်းလဲ၍ ကျွန်တော် မပေးချင်ပါ။ မောင်စိန်ဝင်း၏ ရင်ထဲကနွယ် တကယ် ရှိ မရှိ ကျွန်တော် မသိသော်

mgyoe.com

mgyoe.com


လည်း ကျွန်တော့်ရင်ထဲမှာတော့ စံပယ် တကယ်ရှိခဲ့ပါသည်။ သို့မို့ကြောင့်ပင် ကျွန်တော်၏ ပုံတူမှီးချ တစ်ပွင့်ထဲ ရင်ထဲကစံပယ်ဆိုသော ခေါင်းစီးလေးကို နှစ်သက်နေမိပါတော့သည်။

လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်လောက်က ကျွန်တော့်ရင်တွင်းတို့အတင်းတိုးဝေ့ဝင်မည့် စံပယ်တစ်ပွင့်ကို တွေ့ဖူးခဲ့ပါသည်။

ဖြူဖြူစင်စင် သန့်သန့်ရှင်းရှင်းကလေး ဖြစ်ပါ၏။ အင်္ကျီအဖြူဆွတ်ဆွတ်၊ ထဘီစိမ်းစိမ်းလေးကို ဝတ်ဆင်ပြီး ကျောင်းမှပြန်လာသူ။ မေ့မရနိုင်သော စံပယ်ပွင့်လေးတစ်ပွင့်။

မန္တလေးတက္ကသိုလ်တွင် နှစ်နှစ်နေခဲ့ပြီး ရန်ကုန်တက္ကသိုလ်သို့တက်ရန် စမ်းချောင်းမြို့နယ်ရှိ ကျွန်တော့်အစ်ကိုအိမ်သို့ ရောက်အလာ စံပယ်ပွင့်လေးကို တွေ့ရခြင်းဖြစ်ပါသည်။ ကံကောင်းချင်တော့ ကျွန်တော်နေရမည့်ကျွန်တော့်အစ်ကိုအိမ်နှင့် ကပ်လျက်အခန်းမှာနေသူ။

စံပယ်ပွင့်ကလေး ကျောင်းသွားတိုင်း၊ ကျောင်းပြန်တိုင်း ဂီတနက်သန်ကိုစောညိန်း၏ စံပယ်သီချင်းကို ကျွန်တော် အမှတ် ရ ရ နေမိသည်။ မယ်ဒလင်ဖြင့် စံပယ်သီချင်းကို အကြိမ်ကြိမ် ဆိုတီးမိခဲ့ရာ၌ ကျွန်တော်၏ မကောင်းလှသော အသံကြီးကို စံပယ်ပွင့်လေးက နားစွင့်နေတတ်ကြောင်း တွေ့ရသဖြင့် အလွန် အားတက်မိခဲ့ပါ၏။

'စံပယ် စံပယ် စံပယ်ပန်းရယ်၊ သင်းရနံ့ကြူဖြူဖြူဖွေးရယ်၊ မွှေးမွှေးလေးပေးချင်အောင်ကွယ်၊ မူယာစုံကြွယ်ညာဘယ်သွဲ့သွဲ့နွဲ့ကာသာယိမ်းဖယ်၊ စိမ်းစိမ်းလန်း ပင်နန်းသူမယ်၊ ခိုင်ပန်းငုံဆန်း ရောင်စုံလျှမ်းခြယ်၊ ရောယှက်ကာ ပြွမ်း မြိုင်စခန်းလယ်'

ဆွေးမြည့်ချင်စရာ လွမ်းမောစရာ တေးသီချင်းတွေကိုသာ များများစားစား စပ်ဆိုလေ့ရှိသော ကိုစောညိန်း၏ မိန်းမပျိုလေးကို ဖွဲ့ဆိုသည့် ရှားရှားပါးပါး တေးသီချင်းလေးတစ်ပုဒ် ဖြစ်ပါသည်။

အလွမ်းသီချင်းတွေကြားထဲက မိန်းမပျိုလေးကိုဖွဲ့ဆိုသည့် တေးသီချင်းလေးမှာ ကျွန်တော့်ဘဝနှင့် လာရောက်ကိုက်ညီနေသောကြောင့်လည်း

mgyoe.com

mgyoe.com


စံပယ်သီချင်းလေးကို ကျွန်တော် မြတ်နိုးခဲ့ရပါသည်။

'မှုမှန်တမင်ပွင့်၊ အဖြူခံအဆင်နှင့်၊ အသွင်တင့် ယဉ်ကျေးပါပေတယ်၊ ငွေရည်ငွေသွေး ရိုးရိုးလေးနဲ့ မြင်သူငေးဖွယ်၊ ဘယ်ရှေးဆုတောင်းလဲကွယ့် စံပယ်ရယ်၊ အပျိုဖော်ဝင်အရွယ် ချစ်ချစ်ဖို့ကောင်းလွန်းတယ်၊ စံပယ် စံပယ် စံပယ် စံပယ်၊ ဖြူစင်ကြွယ်သူလေးကို သည်နှာမည် ပေးချင်ပါပြီကွယ်'

ကိုစောညိန်း၏ သီချင်းများကို လေ့လာကြည့်လျှင် အသံတို အသံပြတ်လေးများကို လှလှပပ သုံးတတ်လေ့ရှိကြောင်း တွေ့ရပါသည်။ ထိုအသံတို အသံပြတ်လေးများက တေးသီချင်း၏ အရှိန်ကို တန့်၍ ပိုင်းခြားလေ့ရှိရာ ထူးခြားသော ဟန်တစ်မျိုးကို ဖြစ်ပေါ်စေသည်ဟု ကျွန်တော် ထင်ပါသည်။ ထိုဟန်ကြောင့်ပင်လျှင် ထိုခေတ်က အသုံးများခဲ့သော ဂီတသံသည် ကိုစောညိန်းသီချင်းများနှင့်ကျမှ ထူးထူးခြားခြား ကွဲကွဲပြားပြားကြီး ပုံစံသစ်တစ်မျိုးကို ဖြစ်ပေါ်သွားစေခဲ့ပါသည်။

ဤစံပယ်သီချင်းမှ 'မှုမှန်တမင်ပွင့်၊ အဖြူခံအဆင်နှင့် အသွင်တင့်' အပိုဒ်တွင် ပွင့် နှင့် တင့် သံတို သံပြတ်စကားလုံးလေးများ သုံးထားပုံ။

ချစ်ပြုံးနှင်းဆီ သီချင်းမှ 'ဖြူပြာလဲ့ မှုယာသွယ်နွဲ့ ချစ်တဲ့ခင်သူရယ်' အပိုဒ်မှ လဲ့ နွဲ့ တဲ့ ဆိုသည့် သံပြတ်စကားလုံးများ သုံးထားသဖြင့် ဆိုဟန် တီးဟန်များ ပုံစံသစ်ဖြစ်နေပုံ။

ဝဏ္ဏပဘာသီချင်းမှ 'မျက်နှာတော် ရွှေအဆင်း၊ လမင်းထင်ရ၊ ပင်တိုင်တော်ဆောင်အလယ်မှ ဝဏ္ဏပဘာမယ်' အပိုဒ်တွင်လည်း ရ မှ ပ ဆိုသော သံတို သံပြတ်များကို ပြေအောင် ဖွဲ့နွဲ့သွားသဖြင့် နားထဲမှ ထူးထူးဆန်းဆန်း ကြားရလေသည်။

ဂီတနက်သန် ကိုစောညိန်းသည် တကယ့်ကို ထူးခြားသော ဂီတပညာရှင်တစ်ဦး ဖြစ်ပါသည်။ ဂီတစာဆိုလောကတွင် အချို့က စာပေဘက်တွင် အားနည်းကြပြီး အတီးအမှုတ်ဘက်၌ ကျွမ်းကျင်ကြ၏။ အချို့ကား စာပေဘက်တွင် ထက်မြက်ပြီး အတီးအမှုတ်ဘက်တွင် မကျွမ်းကျင်ကြ။ ကိုစောညိန်းမူကား စာပေရော အတီးပညာဘက်ပါ စွယ်စုံတော်သူဖြစ်သော

mgyoe.com

mgyoe.com


ကြောင့်ထင်သည်။ သူ့သီချင်းများ ယနေ့ထိ တန်ဖိုးထားခံရဆဲ။

'အန္တိဘူတော အယံလောကော' အကြင်လောကကြီးသည် အမှောင်အတိပြီး၏ဟု ဆိုသည်။ ကိုစောညိန်းသည်လည်း ဒုက္ခထဲက လူသားတစ်ယောက်မို့ ဒုက္ခတွေကို သူ့အတတ်ပညာဖြင့် သီချင်းတွေအဖြစ် ဖန်ဆင်းလိုက်ဟန်ရှိသည်။ ခေတ်အဆက်ဆက် ဂီတမြတ်နိုးသူတိုင်းက ကိုစောညိန်း၏ အမှန်တရားအမြင်များကို မျှဝေခံစားနိုင်ခဲ့ကြလေသည်။

လွမ်းနေ ဆွေးနေသည့်ထဲက စံပယ်ပွင့်လေးကို မြင်သည်နှင့် ကြည်ကြည်လင်လင် ရွှင်ရွှင်ပျပျလေး ခံစားခဲ့ရဟန်တူသော ကိုစောညိန်းသည် ရိုးသားဖြူစင်သော စံပယ်ပွင့်လေးကိုလည်း စာဖွဲ့ခဲ့သည်။ သူဖွဲ့ခဲ့သော စံပယ်ကလည်း ကျွန်တော့်ရင်ထဲသို့ တိုက်ရိုက်လာရောက် ထိမှန်ခဲ့ဖူးပါသည်။

ကိုစောညိန်း၏ စံပယ်သီချင်းလေးကို ချစ်ခဲ့မိသလို အိမ်ဘေးက စံပယ်ပွင့်ကလေးကိုလည်း ကျွန်တော် မြတ်နိုးခဲ့ရပါသည်။ ဘာလိုလိုနှင့် နှစ်ပေါင်းသုံးဆယ်တောင် ကြာခဲ့ပြီလေ။

ကျွန်တော်၏ အိမ်နီးနားချင်း စံပယ်ပွင့်ကလေးသည် ယခုအခါ ကျွန်တော်၏ အိမ်ရှင်မ စံပယ်ပွင့်ကြီး ဖြစ်လာခဲ့ပါပြီ။ မောင်စိန်ဝင်း(ပုတီးကုန်း)၏ ကဗျာထဲကလို ခေါင်းထောင်လို့ကြွေခြင်း မပြုနိုင်တော့ပါ။ ခေါင်းထောင်တိုင်း ပြော့ရသည့် ဇရာဒုဗ္ဗအရွယ်သို့ ရောက်လာခဲ့ကြချေပြီ။ စံပယ်နှင့် တူတာဆိုလို့ ဆံပင်လေးတွေ စံပယ်ရောင်ပေါက်လာတာပဲရှိ၏။ 'မူယာစုံ ကြွယ် ညာဘယ်သွဲ့သွဲ့ နွဲ့ကာသာယိမ်းဖယ်' လို့လည်း ကြည့်မကောင်းတော့ချေ။ တစ်ယောက်မျက်နှာ တစ်ယောက်မြင်တိုင်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုသည့် လက္ခဏာဆိုးသုံးပါးကို ထင်သာမြင်သာအောင် ကြည့်ရတော့မည့် အခြေအနေသို့ ဆိုက်ရောက်လာခဲ့ချေပြီ။

သို့သော် ကျွန်တော့်အား 'ကြီးမှ ကြောင်လေခြင်း' ဟုပြောလိုက ပြောကြပါတော့။ ဂီတနက်သန်ကိုစောညိန်း၏ စံပယ်ဆိုသော တေးသီချင်းကို ကြားရသည့်အခါတိုင်း ကျွန်တော်၏ဇနီးသည် အိမ်ရှင်မ စံပယ်ပွင့်ကြီး

mgyoe.com

mgyoe.com


သည် လွန်ခဲ့သော နှစ်သုံးဆယ်တုန်းကလို အင်္ကျီအဖြူ လုံချည်အစိမ်းနှင့် စံပယ်လေးပမာ 'မှုံမှုန်တမင်ပွင့်၊ အဖြူခံအဆင်နှင့်၊ အသွင်တင့် ယဉ်ကျေးနေသေးသည်'ဟု ခံစားရင်း တစ်ပွင့်ထဲ ရင်ထဲကစံပယ်ကို မေ့မရနိုင်သေးပါကြောင်း။

[ပေါ်ပြူလာ။ ။ ဒီဇင်ဘာ၊ ၁၉၉၈]

❒

mgyoe.com

mgyoe.com

# အေးတယ် ချမ်းတယ် ဆောင်းနတ်မယ်

ကြွားလွန်းသည်ဟု မထင်ကြစေလိုပါ။ ကျွန်တော်နှင့်စံပယ် အိမ်ထောင်ပြုကြသောအခါ လင်မယားနှစ်ယောက်ပေါင်းမှ ခြံစရာစောင်ဆိုလို့ နှစ်ယောက်ပေါင်းမှ တစ်ထည်တည်းသာ ရှိခဲ့ကြပါသည်။

မေတ္တာခြုံမှ နွေးတတ်သည့် အဆိုရှိလင့်ကစား ညားခါစတုန်းက ဆောင်းညပေါင်းများစွာကို စောင်လုခြုံရင်းဖြင့်သာ အချိန်ကုန်ခဲ့ကြရဖူးပါ၏။ သူ့ကို သနားသောကြောင့်သာ ကိုယ်က စောင်မခြုံဘဲ လုံချည်ကလေးကို ခြုံ၍ ကွေးခဲ့လင့်ကစား ဆောင်းနှစ်များ၏ ကလူကျီစယ်မှုဒဏ်ကို အပြင်းအထန် ခံစားခဲ့ရသည်။ သည်အခါမျိုးတွင် ဂီတနက်သန်ကိုစောညိန်း၏ 'ဆောင်းနတ်မယ်' က သတိရစရာ ဖြစ်လာပြန်တော့လေသည်။

ကိုစောညိန်းသည် ကျွန်တော့်လောက်တောင် ကံကောင်းပုံမပေါ်။ ကျွန်တော့်မှာက ဇနီးတစ်ယောက်နှင့် စောင်တစ်ထည် ရှိသေးသည်။ သူ့တွင် မယ်ဒလင်လေးတစ်လက် သို့မဟုတ် တယောအိုလေးတော့ ရှိကောင်းရှိပေမည်ထင်ရ၏။ ထိုပစ္စည်းလေးဖြင့် ဆောင်းဒဏ်ကို ကြံ့ကြံ့ခံခဲ့လေသည်။

mgyoe.com

mgyoe.com


သူ့သီချင်းတွင် ဆောင်းနှင့်ပတ်သက်ပြီး ထိထိရှရှ ခံစားခဲ့ရပုံလေးများကို တွေ့ရသည်။ နှင်း၏ ချမ်းအေးမှု ပြင်းထန်လာ၍ အတော်အေးလာပြီဆိုလျှင် မသိမသာ ဇနီးသည်အနီးသို့ တိုးကပ်ပြီး အနွေးဓာတ်ကလေးကို ခိုး၍ ခံစားနိုင်ခွင့် ကျွန်တော့်မှာ ရှိခဲ့လင့်ကစား ကိုစောညိန်းတစ်ယောက်မှာကား အထီးကျန်ခံစားချက်များဖြင့် ဆောင်းနှင်းဒဏ်ကို ခံစားခဲ့ရဟန်တူသည်။ သူ့သီချင်းကား ထူးထူးခြားခြား ပြောင်ပြောင်မြောက်မြောက် ပေါ်ထွက်လာခဲ့ရပြန်သည်။

ဆောင်းနတ်မယ်သီချင်းကို စလျှင်စချင်း သူက ဤသို့ရေးဖွဲ့ခဲ့လေသည်။

'ဆောင်းနတ်မယ်လျှ၊ မြောက်ဆီကသာ၊ ကင်းစလေဦး၊ မြူးကာကကာ'

သည်အစကိုက အဓိပ္ပာယ်ပြည့်ဝနေသလို လျှ၊ က၊ စ သံတိုသံပြတ်များအပြင် မြူးကာ၊ ကကာဆိုသည့် အပြောစကားအဆိုခက်သည့် ဝေါဟာရမျိုးကို ထူးထူးခြားခြား လှပသွားအောင် ထည့်သွင်းစပ်ဆိုသွားနိုင်ခဲ့ပါ၏။

မြန်မာစာပေပညာရှင်များကတော့ ဘယ်သို့ အဓိပ္ပာယ်ဖွင့်မည်မသိ။ ကျွန်တော်ကတော့ ကင်းစလေဦးဆိုသည့် စကားလုံးကို အဖူး၊ အကင်း၊ ဖူးစ၊ ကင်းစ ဆိုသည့် ပန်းသဘာဝ အပွင့်ပွင့်ခြင်း၏အစဆိုသည့် အဓိပ္ပာယ်ကိုယူကာ ဆောင်း၏ မြောက်လေအစကို 'ကင်းစလေဦး' ဟူ၍ လှပအောင် ဖွဲ့သီထားသည်ဟု ယူဆမိသည်။ လှလိုက်တဲ့အဖွဲ့။

'ခြုံလွှာငွေနှင်းပွင့်ကို လွှင့်ကာ လွှင့်ကာ ခြွေလို့၊ တစ်ကိုယ်ရေပင်ပန်းမောင့်ကိုပက်ဖျန်း၊ အကျီစယ်ကြမ်းလှတယ်'

အဓိပ္ပာယ်က ရှင်းပါသည်။ ဆောင်းနတ်မယ်က သူမ၏ နှင်းခြုံလွှာမှ နှင်းပွင့်အစလေးများကို လွှင့်ကာ လွှင့်ကာ ခြွေခဲ့ပုံကို ကိုစောညိန်းသည် အကျီစယ်ကြမ်းဆိုသော စကားလုံးဖြင့် ဆောင်းနတ်မယ်ကို မကျေနပ်သော်လည်း ချစ်ခင်နေသော သဘောမျိုးသက်ဝင်အောင် စပ်ဆိုသွားနိုင်ခဲ့ပါ၏။

mgyoe.com

mgyoe.com


'အကျွမ်းမဝင်ခင်မို့ ဆောင်းဘုရင်မလေးရဲ့ ထွေးပိုက်တဲ့ရင်ခွင် လက်ဝယ်၊ တုန်ကာနွမ်း ပန်းလျှလျှခက်ပြီနော်ကွယ်၊ အသက်ရှူမှားအောင် ကစားကာမြူတယ်'

ဘယ်သောအခါကမှ ဆောင်းကိုလည်းကောင်း၊ နှင်းကိုလည်း ကောင်း အမျိုးသမီးတစ်ယောက်အနေဖြင့် ကျွန်တော် တွေးတောစဉ်းစားမိ ခဲ့ခြင်း မရှိပါ။ ဆောင်းနှင့် နှင်းကို ဖွဲ့ကြသည့် အဖွဲ့အနွဲ့ တော်တော်များများ ဖတ်ခဲ့ဖူးရာတွင် (ကျွန်တော်ပဲ စာဖတ်အားနည်းသောကြောင့်လားမသိ) ဆောင်းကို အမျိုးသမီးတစ်ဦး အသွင်သဏ္ဍာန် အသေးစိတ်ရေးဖွဲ့ပုံမျိုးကို မတွေ့ဘူးခဲ့ပါ။

ကိုစောညိန်းကတော့ ဆောင်းကို နတ်မိမယ်လေးအသွင်၊ ဘုရင်မ လေးသဏ္ဍာန် မြင်ခဲ့ဟန်တူပါသည်။ ဆောင်းဘုရင်မလေး၏ ရင်ခွင်ထဲသို့ ရောက်သွားခဲ့ရပုံ၊ သည်လိုရင်ခွင်မျိုးကို (အကျွမ်းမဝင်ခင်) ယခုမှ ထိတွေ့ ခံစားရသည်မို့ ဆောင်းဘုရင်မလေး၏ ထွေးပိုက်မှုမှာ သူ့အတွက် အသက်ရှူ မှားပြီး တုန်ကာနွမ်းနေကြောင်း ဖွဲ့နွဲ့သည်။ ဆောင်းဘုရင်မလေးက ပထမ တွင် နှင်းပွင့်လေးများဖြင့် ပက်ဖျန်းကာ ကျီစယ်သည်။ နောက်တော့ သူ့ကို ရင်ခွင်ထဲမှာ ထွေးပိုက်ပြီး မြူကစားသည်။ ကိုစောညိန်း အသက်ရှူ မှားနေ လေပြီ။

'ပျော်နိုင်ပဲငယ်... စက်လဲဆောင်ကြာယံလယ်... ဆောင်းဦးပျိုသစ် မှူယာစုံကြွယ်... အချစ်စမ်းတာလား... သနားစေချင်တယ်'

သူ့ကို ကျီစယ်မှု၊ ရင်ခွင်ထဲမှာ ထွေးပိုက်ထားမှု ပြုလုပ်ခဲ့သော ဆောင်းနတ်မယ်သည် အအိုကြီး၊ အဟိုင်းကြီး၊ အပျိုကြီး မဟုတ်ပါ။ ပျိုပျို သစ်သစ်ကလေးသာ ရှိသေးပြီး အမှူအရာအစုံဖြင့် ထပ်မံ အချစ်စမ်းနေသော ကြောင့် အိပ်ရာထဲမှာ ဘယ်လိုမှ အိပ်လို့မရကြောင်း ကိုစောညိန်းက ဆက်လက်ဖွဲ့ဆိုပါသည်။ ပထမ ဆောင်းနတ်မယ်က နှင်းပွင့်အစလေးဖြင့် ပက်ဖျန်းကာ ကျီစယ်ပါသည်။ ဒုတိယ ရင်ခွင်ထဲမှာ ထွေးပိုက်ကစားပါ သည်။ တတိယ အိပ်ရာထဲက အထီးကျန်ကိုစောညိန်းကို အမှူအရာစုံလင်စွာ

mgyoe.com

mgyoe.com

ဖြင့် အချစ်စမ်းပါတော့သည်။

ကိုစောညိန်းနှင့် ဆောင်းနတ်မယ်တို့၏ တိုက်ပွဲမှာ ပို၍ ပို၍ ပြင်းထန်လာသောကြောင့် ကိုစောညိန်းခမျာ ဆောင်းနတ်မယ်ကို အသနားခံရသော အဆင့်သို့ပင် ရောက်ခဲ့ချေပြီ။ နောက်တစ်ပိုဒ် ဆက်ကြစို့။

'မျှော်ကာမှန်းရတယ်၊ ချမ်းမြမြတုန်သူကိုကွယ်...၊ ဆောင်းနတ်မယ် ရင်ခွင်မှာသာ၊ ကယ်တင်လာစေချင်ပါတယ်... ဖော်ကွာဝေးသူမယ် ကူမယ့်ဆွေ မမြင်ချေသေးတော့တယ်'

'ဖူးစာပိုင်ရှင်နတ်များ ပစ်ထားကာ သွေဖီရှောင်ဖယ်၊ ဘယ်မာန်ငြိုးလေတယ်၊ ဖြိုငြိုးရက်တော်မူနိုင်ပါပေ့ကွယ်...၊ ခွာပြာညိုသင်းတယ် သည်ဆောင်းတွင်းရဲ့ နှင်းလျှံမပြယ်ခင်ဝယ်...၊ ရွှေရင်အုံငွေ့ကို ကြုံတွေ့ဖွယ် အချစ်ကံဖယ်တယ်'

ဤသည်ကား ဂီတနက်သန်ကိုစောညိန်း၏ ချမ်းအေးသောဒဏ်မှ ကယ်တင်မည့် ဖူးစာရှင်ကို တမ်းတသည့် ဆောင်းနတ်မယ်တေးသီချင်း၏ ဖွဲ့နွဲ့မှုကောင်းပုံကို ဖော်ပြခဲ့ခြင်း ဖြစ်ပါ၏။ ဂီတပိုင်းဆိုင်ရာနှင့်ပတ်သက်၍ ကျွန်တော့်မှာ ကျွမ်းကျင်မှုမရှိသော်လည်း နားထောင်ကောင်း၏ မကောင်း၏၊ အသံထူးခြား၏ မထူးခြား၏ကိုတော့ လူပြိန်းပြော ပြောနိုင်သည့်အားလျော်စွာ မြန်မာဆန်၏ဟူ၍တော့ မှတ်ချက်ချလိုပါ၏။

မြန်မာနိုင်ငံ စာပေပြန့်ပွားရေးအသင်းကတော့ ဤသို့ မှတ်ချက်များ ပေးခဲ့ဖူးပါသည်။

'ဂီတနက်သန် ကိုစောညိန်းသည် ခေတ်တစ်ခေတ်တွင် ထူးထူးခြားခြားပေါ်ပေါက်လာသည့် အနုပညာရှင်တစ်ဦးဖြစ်ပြီး မြန်မာဂီတနယ်တွင် အလိုက်စာဆိုမဟုတ်ဘဲ အထွင်စာဆိုဖြစ်၍ မြန်မာ့မူ မြန်မာ့ဟန် ဟန်မပျက် ဆန်းသစ်သော တီးလုံးတေးသွားဟန်ကို တီထွင်နိုင်သည့်ပြင် သူ့သီချင်းများတွင် အသံ၏ စွမ်းပကားကိုသာ အားကိုးအားထားမပြုဘဲ ဂုဏ်မြောက်သည့် စာပေစီအကုံး အနှုန်းအဖွဲ့များပါရှိသည်'ဟူ၍ မှတ်ချက်ချခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ ကိုစောညိန်း၏ ဆောင်းနတ်မယ် တေးသီချင်း

mgyoe.com

mgyoe.com


လေးကို ကြားရသည့်အခါတိုင်း အိမ်ထောင်ဦးကာလ ဇနီးသည်နှင့် စောင်လုခြုံကြသည့်ဘဝကို သတိရမိသည့်နည်းတူ အားငယ်တတ်သော၊ အထီးကျန်နိုင်သော၊ မေတ္တာတရားကို မျှော်နေတတ်သော ကိုစောညိန်း၏ တစ်ခြမ်းပဲ့ဘဝလေးကို စာနာမိရပါကြောင်း၊ ကြင်နာမိရပါကြောင်း၊ သူနှင့်အတူ နာကျင်မိရပါကြောင်း။

[ပေါ်ပြူလာ၊ ဒီဇင်ဘာ၊ ၁၉၉၈]

❐

mgyoe.com